# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၁)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ India Gate ကို သွားရောက်လေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

India Gate သည် ပထမကမ္ဘာစစ် ၁၉၁၄ ခုနှစ်မှ ၁၉၂၁ ခုနှစ်အတွင်း ကျဆုံးခဲ့သည့် အိန္ဒိယတပ်မတော်မှ စစ်သည် ၈၂၀၀၀ အတွက် အမှတ်တရပြုလုပ်ထားသော နေရာတစ်ခုဖြစ်သည်။ ဗြိတိန်နိုင်ငံမှ စစ်သည်များနှင့် အရာရှိများအပါအဝင် ဝန်ထမ်း ၁၃၃၀၀ ၏ အမည်များကိုလည်း

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့သည် ယနေ့ညနေ ၆ နာရီ ၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ကုလသမဂ္ဂမှ ဆက်လက်ကူညီပံ့ပိုးရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီရန်အသင့်ရှိမှု၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြားလက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ရှေးဟောင်းသာသနိကအဆောက်အအုံများစွာ ပျက်စီးခဲ့သည့်အပြင် အသက်သေဆုံးခဲ့ကြသူများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သောသူများအတွက် များစွာဝမ်းနည်းမိကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် အမြန်ဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)






မြန်မာ့အလင်း

# ဆေးပေါင်းခမည့် (၂၁) ရာစုပင်လုံညီလာခံ

(၂၁) ရာစု ပင်လုံညီလာခံကို ကျင်းပတော့မည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ညီလာခံကြီးဖြစ်ပါသည်။ မြန်မာစကား၌ "ဆေးပေါင်းခသောည" ဟူသော ဝေါဟာရ အသုံးအနှုန်းရှိပါသည်။ ကျင်းပတော့မည့် (၂၁) ရာစုပင်လုံညီလာခံကြီးသည် မင်္ဂလာအပေါင်းခညောင်းပြည့်စုံနေသော ဆေးပေါင်းခမည့် ညီလာခံကြီးဟု တင်စားလိုပါသည်။ စကားအရာအရ တင်စားသည်ဟု ရည်ညွှန်းပြောဆိုရပါသော်ငြားလည်း (၂၁) ရာစုပင်လုံ ညီလာခံကြီးသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး၏ အုတ်မြစ်ကို ချပေးမည့်ညီလာခံကြီးဖြစ်၍ အမှန်တကယ် ဆေးပေါင်းခမည့် ညီလာခံကြီးဖြစ်ပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သော ပြည်တွင်းစစ်သည် ပြည်ထောင်စုသားသွေးချင်းညီနောင်တို့၏ အသက်သွေးတို့ကို စတေးဝါးမျိုခဲ့ပါသည်။ (၂၁) ရာစုပင်လုံညီလာခံမှတစ်ဆင့် ဖန်တီးပေးမည့်ပြည်တွင်းငြိမ်းချမ်းရေးသည် ပြည်ထောင်စုသားသွေးချင်းညီနောင်တို့၏ အသက်သွေးတို့ အချည်းနှီးဆုံးရှုံးစတေးခံရနေရခြင်းတို့ကို ရပ်တန့်စေမည်ဖြစ်ပါသည်။ အိုးအိမ်ပိုင်ဆိုင်ပစ္စည်းတို့ကို လက်လွှတ်၊ နေရပ်ကိုစွန့်ခွာထွက်ပြေးနေကြရသော ပြည်ထောင်စုသား သွေးချင်းညီနောင်တို့၏ သောကပရိဒေဝတို့ကို ငြိမ်းအေးစေမည်ဖြစ်ပါသည်။ ပြည်ထောင်စုဝင်သွေးချင်းညီနောင်တို့၏ဒေသအားလုံး ဟန်ချက်ညီညီတိုးတက်ရေးအားတက်ညီလက်ညီ ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းတို့ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ပြည်ထောင်စုကြီး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးဖန်တီးနိုင်မှသာ အာဆီယံစီးပွားရေးရပ်မြဲ (ASEAN Economic Community-AEC) ကဲ့သို့သော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၌ ခွန်ပြည့်အားပြည့်စွမ်းဆောင်ရည်ရှိရှိ လက်တွဲဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ဤမြင်ကွင်းတို့ကို ဆက်စပ်၍ ဖြစ်ထွန်းပေါ်ပေါက်လာမည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို စိတ်အာရုံတွင်ပုံဖော်ကြည့်ပါက တဒင်္ဂအတွင်းမှာပင် (၂၁) ရာစုပင်လုံညီလာခံ အောင်မြင်စေရမည်ဟူသော နိုင်ငံရေးသန္နိဋ္ဌာန်တို့ကို နှလုံးသား၌ စွဲမြဲခိုင်မာလာစေမည် ဖြစ်ပါသည်။

တချို့သောအင်အားစုတို့က (၂၁) ရာစုပင်လုံညီလာခံသည် ခမ်းနားကြီးကျယ်သော ညီလာခံဖွင့်ပွဲကြီးသာဖြစ်၍ နိုင်ငံရေးအရ၊ တစ်စုံတစ်ရာထိရောက်အကျိုးရှိသောရလဒ်တို့ကို ဖြစ်ပေါ်စေမည်မဟုတ်ဟု ဝေဖန်စကားဆိုကြပါသည်။ တီးတိုးစကားဆိုကြပါသည်။ ပထမဦးဆုံး တင်ပြလိုသည်မှာ (၂၁) ရာစုပင်လုံညီလာခံသည် တိုင်းပြည်၏အချုပ်အခြာအာဏာကိုစွဲကိုင်ကျင့်သုံးရသော အစိုးရတစ်ရပ်က လုပ်ပိုင်ခွင့်အာဏာကျင့်သုံး၍ ကြီးမှူးခေါ်ယူကျင်းပသော ညီလာခံမျိုးမဟုတ်ဟူသော အချက်ဖြစ်ပါသည်။ လွှတ်အစိုးရသစ်၊ တပ်မတော်နှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ အပြန်အလှန်အကျေအလည် ညှိနှိုင်း၍ ခေါ်ယူကျင်းပခဲ့သော ညီလာခံဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းအားလုံးတို့က မူအရလက်ခံထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုလည်း ဆုပ်ကိုင်ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုသားသွေးချင်းညီနောင်အားလုံးတို့က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးထူထောင်ရန် သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး မည်သို့မည်ပုံတည်ဆောက်မည်ဟူသော အရေးကြီးသည့် အခြေခံမူတို့ကို အပြန်အလှန်ဆက်ညှိနှိုင်းဆွေးနွေးကြရဦးမည်ဖြစ်သော်လည်း၊ လွတ်လပ်ရေးလွန်ကာလ နှစ်ပေါင်း ၇၀ ကာလအတွင်း ဤမျှကျယ်ပြန့်ပြည့်စုံသော သဘောတူညီချက်တို့ကို စုစည်းရယူနိုင်ခဲ့ခြင်းသည် နိုင်ငံ့သမိုင်း၌ပထမဆုံးအကြိမ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၁) ရာစုပင်လုံညီလာခံကြီးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ကို ချလိုက်ခြင်းသာဖြစ်ပါသည်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး၏အုတ်မြစ်ချခြင်းကို အရေးမပါဟု ဆိုငြားအံ့၊ ထိုသူသည် ပြည်ထောင်စုကြီးအပေါ် မရိုးသားသော စိတ်ထားတို့ရှိနေသည်ဟူ၍သာဆိုရမည်ဖြစ်ပါသည်။

(၂၁) ရာစုပင်လုံညီလာခံ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍကို မမေ့မလျော့မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် တိုင်းရင်းသားခေါင်းဆောင်တို့၏ ယုံကြည်ကိုးစားမှုသည် ပင်လုံညီလာခံကိုဖြစ်ပေါ်စေခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေးကို ဆုပ်ကိုင်ရယူပေးခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် တိုင်းရင်းသားလူမျိုးစုတို့၏ ယုံကြည်ကိုးစားမှုသည်လည်း (၂၁) ရာစုပင်လုံညီလာခံကို ဖြစ်ပေါ် စေခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဆုပ်ကိုင်ရယူပေးမည်ဟု ယုံကြည်ပါသည်။ ဆေးပေါင်းခမည့် (၂၁) ရာစုပင်လုံ ညီလာခံဟုသာ ထပ်မံကျူးရင့်ဖော်ပြလိုပါသည်။ ။



## ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေး

**သီပေါ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှု နှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က အမှတ် (၁) အထက မြညီလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီးက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဟောပြောခဲ့သည်။

**စိုင်း(သီပေါ)**

## သောက်သုံးရေကန်အား သန့်ရှင်းရေးဆောင်ရွက်

**မုဒုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာရှိ သောက်သုံးရေကန်နှစ်ကန်အား သန့်ရှင်းလှပသာယာစေရန်နှင့် ရွာသူရွာသားများ၏ ကျန်းမာရေးတို့ အတွက် ခေတ္တမြို့နယ်မှူး ဒုတိယရဲမှူး ထွန်းသိန်းနှင့် တပ်ဖွဲ့ဝင်များသည် ကျေးရွာလူထုနှင့် ပူးပေါင်းကာ ရေကန်ပတ်လည်ရှိ ချုံနွယ်များ၊ ရေကန်အတွင်းရှိ အမှိုက်များ၊ အပင်များကို ဩဂုတ်လ နောက်ဆုံးပတ်က ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မွန်ထွေး**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**သာစည် ဩဂုတ် ၃၀**

သာစည်မြို့နယ် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှကြီးမှူး ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစု ပင်လုံညီလာခံကြီး အား ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်က သာစည်မြို့နယ်ခန်းမ၌ ကျင်းပသည်။ အဆိုပါထောက်ခံပွဲတွင် သာစည်မြို့နယ် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း တာဝန်ခံ ဦးကြည်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်စာရေးဆရာများ သမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန့်တင်ထွန်းက (၂၁)ရာစု ပင်လုံအနှစ်ချုပ်စာတမ်းကို ဖတ်ကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက ငြိမ်းချမ်းရေးတေးသီချင်းဖြင့် တေးသရုပ်ဖော်အကများ ကပြဖြေဖျော်ကြသည်။ ထို့နောက် မြို့နယ်စာရေးဆရာများ သမဂ္ဂအဖွဲ့ဝင် လူငယ်ကဗျာဆရာ ငါးဦးတို့က ငြိမ်းချမ်းရေးကဗျာများ ရွတ်ဆိုကြပြီးနောက် တက်ရောက်လာကြသည့် ပြည်သူလူထုက (၂၁)ရာစု ပင်လုံညီလာခံကြီး အောင်မြင်ပါစေဟု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**မောင်ကို (သာစည်)**

## ကျန်းမာရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းခြင်းအခမ်းအနားကျင်းပ

**ဆီဆိုင် ဩဂုတ် ၃၀**

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် RI (Relife International) တို့ပူးပေါင်း၍ မြို့နယ်ကျန်းမာရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွဋ်ဦးက ကျန်းမာရေးဦးစီးဌာန၏ ပြည်သူများအပေါ် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးနေခြင်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် IR မြန်မာစီမံကိန်း တာဝန်ခံ ဒေါက်တာသူဇာဝင်းဖေက IR မြန်မာ၏ ၂၀၁၆ ခုနှစ် စီမံကိန်းနှင့်လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြပြီး (HA 1) ဦးဝင်းမြင့်က မြို့နယ်ကျန်းမာရေးကော်မတီ၏ အခန်းကဏ္ဍ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ SSLDO အဖွဲ့ တာဝန်ရှိသူတစ်ဦးက ကျေးလက်ကျန်းမာရေးကော်မတီ၏ လုပ်ငန်းလုပ်ဆောင်ချက်များကို လည်းကောင်း၊ ဒေါက်တာကျော်ဇင်သိန်းက အရေးပေါ်လူနာများညွှန်းပို့ခြင်းဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြပြီး အခမ်းအနားတက်ရောက်လာသူများ၏ မေးမြန်းချက်၊ အကြံပြုဆွေးနွေးချက်များအပေါ် စီမံကိန်းတာဝန်ခံ ဒေါက်တာသူဇာဝင်းဖေက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၀-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃.၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့စာမှ*

မှတ်တမ်းတင်ဖော်ပြထားသည်။ India Gate ၏ ပုံစံကို Sir Edwin Lutyens က ပုံဖော်ခဲ့ပြီး ယင်းဂိတ်မှာ စစ်ဘေး အထိမ်းအမှတ်ဖြစ်သော်လည်း triumphal arch ဗိသုကာပုံစံဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ထို့နောက် Akshardham သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ၏ ရှေးဟောင်း ယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး အမွေအနှစ်များဖြစ်သည့် ကျောက်သား အဆောက်အအုံများ၊ ကျောက်သားများ ပေါ်တွင် ရုပ်လုံးဖော်တည်ဆောက်ထားသည့် အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများကို လှည့်လည်ကြည့်ရှုပြီး Hall of Values and Cultural Boat Ride အတွင်း လှေစီး၍ လေ့လာကြသည်။





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ နယူးဒေလီမြို့ရှိ India Gate ကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်** (သတင်းစဉ်)

Akshardham ကို ၂၀၀၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ စေတနာ့ဝန်ထမ်း ၈၀၀၀ ကျော်က ပါဝင်ဆောက်လုပ်ခဲ့သည်။ ယင်းကို သဲကျောက်၊ စကျင်ကျောက်တို့ကို ထွင်းထုဖန်တီးတည်ဆောက်ထားပြီး ဘာသာရေး ဆိုင်ရာပြပွဲများ၊ ရေပန်းများ၊ ဥယျာဉ်များဖြင့်အလှဆင်ပြသထားသည်။ ဟိန္ဒူဘာသာရေးဆိုင်ရာ ယုံကြည်မှုဓလေ့ထုံးတမ်းများနှင့် ရှေးဟောင်းတည်ဆောက်ပုံများ၊ အနုပညာလက်ရာများကို ထုဆစ်ထားကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အိန္ဒိယနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အိန္ဒိယသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ Akshardham ၌ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုများကို ကြည့်ရှုလေ့လာစဉ်** (သတင်းစဉ်)

# “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ” ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုလွှတ်တော်က ယနေ့ရက်စွဲဖြင့် “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ” ထောက်ခံကြိုဆိုကြောင်း ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။**

**အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ထုတ်ပြန်ကြေညာချက်အမှတ် (၃/၂၀၁၆)**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)**

**“ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ”**

**ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ကြေညာချက်**

၁။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ**ကို နေပြည်တော်၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ညီလာခံသို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများ ပါဝင်သည့်အဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ**သည် (၂၁)ရာစုမြန်မာ့နိုင်ငံရေး အခြေအနေအရပေါ်ပေါက်လာခြင်းဖြစ်ပြီး “နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရန်၊ ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန်အထိ ရည်ရွယ်ပြီး တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေး၊ တန်းတူညီမျှရေးတို့အတွက် ဆောင်ရွက်သွားမည့် အရေးကြီးသည့်လုပ်ငန်းစဉ်” ဖြစ်ပါသည်။

၃။ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားရင်ကြားစေ့ရေးအတွက် ပါဝင်သင့် ပါဝင်ထိုက်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆွေးနွေးကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် မဟာဗျူဟာမြောက်ဖြေရှင်းချက်ဖြစ်သည့် **ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ**ကို ပြည်ထောင်စုလွှတ်တော်က လှိုက်လှဲစွာ ထောက်ခံကြိုဆိုပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

## မိုင်းနောင်မြို့၌ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မိုင်းနောင် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းနောင်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လဝကမှူး ဦးအောင်ထွန်းမြင့်နှင့်ဝန်ထမ်းများက ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျောင်းသားကျောင်းသူ ၂၆၄ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများပြုလုပ်ပေးခဲ့သည်။

အဆိုပါနိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းမြင့်က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သက်တမ်းကာလအတွင်း မိမိအနေဖြင့် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဒီမိုကရေစီရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းမှုများကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီခဲ့ပါကြောင်း၊ နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့စဉ်ကလည်း နိုင်ငံတကာအကူအညီရရှိအောင် မိမိလုပ်ဆောင်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ မိမိလာရောက်ခဲ့သည်မှာ ငါးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်က လွှတ်တော်၌ မိန့်ခွန်းပြောကြားရန်အတွက် မိမိအားမြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း။

**ဝမ်းမြောက်ဂုဏ်ယူ**

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ် မိမိလာရောက်၍ မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကမ္ဘာ့နိုင်ငံများက အံ့အားသင့်ခဲ့ရကြောင်း၊ ပြီးခဲ့သော နိုဝင်ဘာက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်မှုကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော အစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေကြောင်း။

**ချီးကျူးဂုဏ်ပြု**

စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ်မှပုဂ္ဂိုလ်များ၊ တပ်မတော်နှင့်အရပ်ဘက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အစိုးရ၌ စိန်ခေါ်မှုများစွာရှိပါကြောင်း၊ ယခုကျင်းပမည့် (၂၁)ရာစု ပင်လုံညီလာခံအောင်မြင်ရန် အလားအလာများစွာ ရှိပါကြောင်း၊ တက်ရောက်မည့် အဖွဲ့အစည်းများ၏ စိတ်ရှည်သည်းခံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း။

**တူညီသောအခွင့်အလမ်းများရရှိသင့်**

ရခိုင်ပြည်နယ်ဆိုင်ရာ နောက်ဆုံးဖြစ်စဉ်ဖြစ်ရပ်များကို မိမိတို့ဆွေးနွေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အခြေအနေသည် နက်ရှိုင်းရှုပ်ထွေးသည့်အတွက် အစိုးရအနေဖြင့် ပြဿနာအရင်းအမြစ်များကိုဖြေရှင်းရာတွင် စိန်ခေါ်မှုများရှိနေကြောင်း၊ မြန်မာနိုင်ငံသား မည်သည့်တိုင်းရင်းသား၊ မည်သည့်ဘာသာဝင်ဖြစ်စေ ပိုမိုကောင်းမွန်သော လူမှုစီးပွားအခြေအနေရရှိလိုသည်ဆိုသည်ကို မိမိနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးခဲ့ကြကြောင်း၊ IDP စခန်းများရှိ ထောင်ပေါင်းများစွာသောပြည်သူများ၏ ဆင်းရဲကျပ်တည်းစွာနေထိုင်ကြရခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်မှုရှိကြောင်းကို မိမိပြောပြခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ နေထိုင်လာခဲ့သော ပြည်သူများအတွက် တူညီသောအခွင့်အလမ်းများရရှိသင့်ပါကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးရရှိရန် လိုအပ်**

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို ဖြေကြားရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ စိန်ခေါ်မှုများသည် ရှုပ်ထွေးနက်နဲပါကြောင်း၊ ယင်းတို့မှာ လူမှုရေး၊ စီးပွားရေးကိုအခြေခံသည့် နက်ရှိုင်းသော ဘက်ပေါင်းစုံပြဿနာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းပြဿနာများကို စောင့်ကြည့်စစ်ဆေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သော ကော်မရှင်ဖွဲ့စည်းမှုကို ဝမ်းသာမိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းနေ ပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေမှာ နိမ့်ကျနေပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ IDP စခန်းများနေ ပြည်သူများမှာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေသည့်အပြင် ငြိမ်းချမ်းရေးရရှိရန်လည်း လိုအပ်ပါကြောင်း မစ္စတာ ဘန်ကီမွန်းက ဖြေကြားသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့အား Park Royal ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲ တက်ရောက်လာသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

## သံအမတ်ကြီး ဦးကိုကိုလတ်အား ဘာရိန်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကိုကိုလတ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

## လွှတ်တော်ရုပ်သံလိုင်းကို Forever Group ၏ 4 TV DTH (Direct to Home) စနစ်တွင် ထည့်သွင်းထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၀**

လွှတ်တော်အရပ်ရပ်၏ ဆောင်ရွက်ချက်များကို မြန်မာတစ်နိုင်ငံလုံးရှိ အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် လွှတ်တော်ရုပ်သံလိုင်းကို Forever Group ၏ 4 TV DTH (Direct to Home) စနစ်တွင် စက်တင်ဘာ ၁ ရက်မှစတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း အလုပ်သဘောခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၃၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့သည် အလုပ်သဘောခရီးဖြင့် ယနေ့ ညနေ ၅ နာရီ ၂၂ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ဇနီး ဒေါက်တာမြသီတာ (ဝဲပုံ)၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့်ဇနီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ ကုလသမဂ္ဂညှိနှိုင်းရေးမှူး၊ UNDP ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စတာ ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ရောက်ရှိခဲ့ဖူးပြီး ယခုအကြိမ်သည် ပဉ္စမအကြိမ် ဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်မှု သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**






## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

### ဂျာမနီနိုင်ငံ FNF ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျာမနီနိုင်ငံ Friedrich - Naumann-Foundation for Freedom (FNF) ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာ Mrs. Katrin Bannach နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကိုကြေညာ

**နေပြည်တော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်း၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးယောနာက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ် ၃၀ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁၁/၂၀၁၆) ဆုံးဖြတ်ချက်တွင် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) အတွက် ဦးဇခုန်တိန့်ယိန်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခံရသူမှာ ဦးယောနာဖြစ်ကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ဦးဇခုန်တိန့်ယိန်းသည် ယခု ကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၏ လွှတ်တော်ကိုယ်စားလှယ်မှာ ဦးယောနာ [၅/ခတန(နိုင်)၀၁၃၃၁၁]ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(ခ) အရ သတ်မှတ် ကြေညာလိုက်ပါကြောင်း ယနေ့ ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာလိုက်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံအမှုအမှတ် (၉)၊ (၁၀) နှင့် (၁၁) အား အပြီးသတ်အမိန့်များချမှတ်

**နေပြည်တော် ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းနိုင်အပေါ် ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမောင်မောင်ဖြူ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးမောင်မောင်ဖြူက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၉/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့် တို့ပါဝင်သည့် စုံညီခုံရုံးက ရခိုင်ပြည်နယ် သံတွဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးမောင်မောင်ဖြူ၏ ကန့်ကွက်လျှောက်ထားလွှာကို စရိတ်နှင့်တကွပယ်ကြောင်းချမှတ်ခဲ့သည့် မူလရွေးကောက်ပွဲ ခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုလိုက်ပြီး အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွပယ်ကြောင်း၊ အမှုစရိတ် ငွေကျပ်တစ်သိန်းတိတိကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအားပေးစေသည့် အပြီးသတ်အမိန့်ကို ချမှတ်ခဲ့သည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ [စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) ] မှ ဦးဇခုန်ယိန်းဆောင် အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခေါ်ဘောမ်၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးခေါ်ဘောမ်က ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၁၀/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့် တို့ပါဝင်သည့် စုံညီခုံရုံးက ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်သည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး အယူခံမှု လျှောက်ထားသူ ဦးခေါ်ဘောမ်၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းချမှတ်ခဲ့သည့် မူလရွေးကောက်ပွဲခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုလိုက်ကြောင်း၊ အမှုစရိတ်ငွေကျပ်တစ်သိန်းတိတိကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အပြီးသတ်အမိန့်ကို ချမှတ်ခဲ့သည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်း (တစ်သီးပုဂ္ဂလ)အပေါ် ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစံဝေခေါင်လွမ်း၏ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၂/၂၀၁၅)နှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးယောနာ(တစ်သီးပုဂ္ဂလ) ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၄၁/၂၀၁၅)တို့ကို တစ်ပေါင်းတည်း ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်က ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးဇခုန်တိန့်ယိန်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှု တင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၁/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့် တို့ပါဝင်သည့် စုံညီခုံရုံးက ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အယူခံမှုလျှောက်ထားသူ ဦးဇခုန်တိန့်ယိန်းအား ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရခြင်းသည် တရားမဲ့ပြုကျင့်မှုများကြောင့် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း၊ အယူခံမှု လျှောက်ထားခံရသူ ဦးယောနာ(တစ်သီးပုဂ္ဂလ)သည် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) တွင် ခိုင်လုံသောမဲအများဆုံးရရှိပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည့် မူလရွေးကောက်ပွဲ ခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ပြီး အယူခံလျှောက်ထားမှုကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ အမှုစရိတ်ငွေကျပ်တစ်သိန်းတိတိကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူများအားပေးစေသည့် အပြီးသတ်အမိန့်ကို ချမှတ်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲ ခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ ဩဂုတ် ၃၀ ရက်နေ့အထိ (၂၇)မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ(၁၉)မှု ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ညောင်ဦး၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကျင်းပ

**ညောင်ဦး ဩဂုတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကို ညောင်ဦး(ပုဂံ)မြို့၌ ဩဂုတ် ၃၀ ရက် နံနက်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပါဝင်သည့် စုစုပေါင်း ၁၂၀၀ ကျော်ခန့်သည် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် စီတန်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် နံနက် ၈ နာရီခွဲတွင် ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက် ဆုတောင်းပြည့်ဘုရားကွင်းပြင်မှ ညောင်ဦးမြို့ မဏိစည်သူဈေး၊ ယင်းမှ ရွှေစည်းခုံစေတီတော် တောင်ဘက်မုခ်ကွင်းပြင်ထိ လမ်းလျှောက်ခဲ့ကြပြီး လမ်းတစ်လျှောက်တွင် "(၂၁)ရာစု ပင်လုံညီလာခံအား ကြိုဆိုထောက်ခံပါ၏၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး" စသည့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ကာ ကြွေးကြော်ခဲ့သည်။

ထို့နောက် ယင်းအဖွဲ့သည် နံနက် ၁၀ နာရီခန့်တွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတောင်ဘက်မုခ်အနီး ကွင်းပြင်သို့ စုစည်းရောက်ရှိခဲ့ကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မန်းတင်၏ ထိုသုံးနှစ်

## မြင့်ဆွေဦး

ဖက်ဆစ်ဝါဒသည် ကြောက်စရာကောင်း၏။ ထိုဝါဒတွင် ခေါင်းဆောင်တစ်ဦး တစ်ယောက်ကို အမှားအမှန်မရွေး၊ ကိုးကွယ်ဆည်းကပ်လိုသော သဘောရှိလေသည်။ ထိုဝါဒသမားတို့တွင် မိမိတို့သာ လောက၌ အမြတ်ဆုံးဟူသော သဘောရှိလေသည်။ ထိုအမူအရာ၏ သဘောသော်ကား စစ်အားကိုးဖြင့် တစ်ပါးနယ်ပယ်ကို လက်ဝါးကြီးအုပ်တတ်၏။ ဥပဒေကို ပမာဏမပြု၊ လူလူချင်း ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်၏။ တစ်ပါးကျွန်ပီပီ လူလူချင်းမလေးစား၊ ပမာမခန့် ရှိတတ်၏။

၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်ဦးအထိ အချိန်ကာလသည် မြန်မာနိုင်ငံသို့ ဖက်ဆစ်ဝင်စီးသော ကာလတည်း။ အရပ်ဝေါဟာရတွင် ဂျပန်ခေတ်ဟု ခေါ်၏။ လူမှန်လျှင် ကိုယ့်နိုင်ငံနှင့်ကိုယ် လွတ်လပ်စွာ နေလိုကြသည်သာဖြစ်သည်။ သို့သော် ဂျပန်ခေတ်မတိုင်မီကလည်း မြန်မာတို့တွင် လွတ်လွတ်လပ်လပ် မရှိခဲ့လေ၊ မရှိရ၍လည်း မိမိတို့၏ အထက်က ဗြိတိသျှအာဏာပိုင်ကို တွန်းလှန်ပစ်ရန် ကြိုးစားကြပါ၏။ လက်နက်ရှိကို လက်နက်မဲ့က ယှဉ်ရသဖြင့် အားပြိုင်မှု၌ အဆမတန်သော အခြေအနေတွင် ရှိစေသည်။ ထိုအတွင်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်ကာ ဖက်ဆစ် အရှိန်ပြင်းစွာဝင်လာသည်ကို ထိထိရောက်ရောက် မတားနိုင်။

မြန်မာတို့သည် ဖက်ဆစ်တွေကို တစ်သက်တွင် တစ်ခါဆိုသလို ကြုံလိုက်ကြရ၏။ ဖက်ဆစ်၏ဒဏ်ကိုလည်း ထိုတစ်ခါတည်းတွင်ပင် အသည်းနစ်အောင် ခံစားလိုက်ကြရ၏။ ထိုသို့ကြုံခဲ့၊ ခံစားခဲ့သည်ကို မမေ့နိုင်။ စစ်ပြီး၍ ဂျပန်ဖက်ဆစ်သည် မြန်မာ့ရေမြေမှ ထွက်ရသည့်တစ်ပြိုင်နက် စာရေးတတ်သူများက စီကာပတ်ကုံး မှတ်တမ်းတင်ခဲ့ကြပေသည်။ ထိုမှတ်တမ်းတို့သည် သမိုင်းလေ့လာရေးတွင် အထောက်အကူပြုလိမ့်မည်ဟု ဆရာတိုက်စိုးက ရေးသားခဲ့သည်။

မြန်မာစာရေးဆရာများအနက် ဒေါ်ခင်မျိုးချစ်က 'Three Years under The Japs' ဆိုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။ ထိုစာအုပ်တွင် ဒီးဒုတ် ဦးဘချိုက အမှာစာရေးပေးခဲ့သည်။

'ဤစာအုပ်သည် သာမန် မြန်မာလူမျိုးတစ်ဦး၏ခံစားချက်များကို ရောင်ပြန်ဟပ်ပါသည်။ တစ်ဖက်တွင်လည်း သမိုင်းသုတေသီများအတွက် ဂျပန်ခေတ် သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာသဲလွန်စများကို ရရှိနိုင်ပါသည်။'

**'ထိုသုံးနှစ်' စာအုပ်သည် ပြည်သူ့စစ်ကိုဆင်နွှဲခဲ့သော မြန်မာပြည်မှ တစ်နေရာ၊ တစ်ဒေသ၏ အဖြစ်အပျက်ကို ဖော်ပြထားလေသည်။ သည်အဖြစ်အပျက်ကား မြန်မာပြည်သို့ ဖက်ဆစ်စနစ် ဝင်ရောက်လာခြင်းနှင့် စတင်၍ ဖက်ဆစ်စနစ် ဆိုးရွားပုံ၊ ယုတ်မာပုံကို မဏ္ဍိုင်ပြုပြီး မြန်မာ့ပြောက်ကျားတပ်အကြောင်းနှင့် ဖက်ဆစ်ခုခံရေးကို နောက်ဆုံး နိဂုံးချုပ်ပြောပြ**

'သုံးနှစ်တာ ဂျပန်ခေတ်အတွင်းက အဖြစ်အပျက်တွေကို လှစ်ဟပြထားသည့် ရေးသားချက်များတွင် မြန်မာတစ်ပြည်လုံး စစ်အကျဉ်းစခန်းကြီးအဖြစ်သို့ ရောက်ရှိခဲ့ရပုံကို ------ ဤစာအုပ်ကလေးတွင် တွေ့ရှိရမည်ဖြစ်သည်။'

ထိုစာအုပ်မှာ ဖက်ဆစ်ဂျပန်အကြောင်း ပထမဆုံးထုတ်ဝေသည့် စာအုပ်ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ်တွင် သခင်နုက 'ငါးနှစ်ရာသီ ဗမာပြည်' ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်မှာလည်း 'ဂျပန်တွေ ဗမာပြည်တွင်ရှိစဉ်က ဖြစ်ပျက်သွားသော အဖြစ်အပျက်များသည် တစ်ပုံကြီးရှိသည်။ ယခု ကျွန်တော်ရေးသမျှသော အဖြစ်အပျက်များမှာ ထိုတစ်ပုံကြီး၏ အစိတ်အပိုင်းကလေးတစ်ခုမျှသာ ဖြစ်သည်'ဟု ဆိုခဲ့သည်။

၁၉၄၅ ခုနှစ်က မန်းတင်၏ 'ထိုသုံးနှစ်' ကို ထုတ်ဝေခဲ့သည်။ 'ထိုသုံးနှစ်' ကို ယခု ဆရာမန်းတင်၏ ဆောင်းပါးသုံးပုဒ်နှင့်အတူ ပြန်လည်ထုတ်ဝေထားသည်။ ဆရာမန်းတင်၏ ထိုသုံးနှစ်မှာ ဖက်ဆစ်ဂျပန်တို့ အုပ်စိုးခဲ့သောကာလကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ထိုစာအုပ်တွင် ဆရာဒဂုန်တာရာက 'အမှာ'ရေးပေးသည်။ ထိုအမှာစာတွင် အောက်ပါအတိုင်းရေးခဲ့လေသည်။

'မြန်မာပြည်သည် ဒုတိယကမ္ဘာစစ်ကြီး၏ ပထမဝက်တွင် ဖက်ဆစ်ဂျပန်တို့ ကြွေးကြော်သော မဟာအရှေ့အာရှ အတူကြီးပွားရေး စက်ဝိုင်းကြီးအတွင်းသို့ ကျရောက်ခဲ့လေသည်။

'ဖက်ဆစ်၏ ကြမ်းကြုတ်ရိုင်းစိုင်းသောစနစ်သည် မြန်မာလူထုအား ဇော်ကားနှိပ်စက်လေသည်။ ထိုအခါ မြန်မာလူထုသည် အဲ့ဖွယ်ကောင်းလောက်အောင် စည်းရုံး၍ ဖက်ဆစ်ခုခံရေးကို ပြုကြလေသည်။ ဖက်ဆစ်ခုခံရေးတွင် မဟာမိတ်တို့နှင့် ပေါင်းကြလေသည်။

'သုံးနှစ်ကာလပတ်လုံး မြန်မာလူထုသည် ကြီးမားသော ပြည်သူစည်းရုံးရေး ဖက်ဆစ်ခုခံရေးတို့ကို ပြုပြီးလျှင် နောက်ဆုံး၌ ဖက်ဆစ်ကို ရာဇဝင်တွင်မြောက်စွာ တွန်းလှန်တိုက်ခိုက်ကာ အောင်မြင်ခြင်းအဖြစ်သို့ ရောက်ခဲ့လေသည်။

'သည်'ထိုသုံးနှစ်'စာအုပ်သည် ပြည်သူ့စစ်ကိုဆင်နွှဲခဲ့သော မြန်မာပြည်မှ တစ်နေရာ၊ တစ်ဒေသ၏ အဖြစ်အပျက်ကို ဖော်ပြထားလေသည်။ သည်အဖြစ်အပျက်ကား မြန်မာပြည်သို့ ဖက်ဆစ်စနစ် ဝင်ရောက်လာခြင်းနှင့်စတင်၍ ဖက်ဆစ်စနစ် ဆိုးရွားပုံ၊ ယုတ်မာပုံကို မဏ္ဍိုင်ပြုပြီး မြန်မာ့ပြောက်ကျားတပ်အကြောင်းနှင့် ဖက်ဆစ်ခုခံရေးကို နောက်ဆုံး နိဂုံးချုပ်ပြောပြလေသည်။

'သည်စာအုပ်သည် သူတစ်ဦး၏ ဘဝ၊ သူတစ်ဦး၏ အတ္ထုပ္ပတ္တိကို ပြောပြသော အလုပ်၊ ဖက်ဆစ်၏ အကျင့်စာရိတ္တကို ခြယ်ရေးသော ပုံကားချပ်ကို ဆောင်ပြသည့် အလုပ်နှင့် ပြည်သူ့စစ်ကို ဆင်နွှဲသည့် မြန်မာပြည်သူလူထုကြီးက ဖက်ဆစ်အား တွန်းလှန်လိုက်သော မြန်မာ့ဖက်ဆစ်ခုခံရေးရာဇဝင်ကို အရိပ်ထင်သည့် ခေတ်ပြကြေးမုံအလုပ်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေသည်။'

ဆရာမန်းတင်သည် ဂျပန်ခေတ်က လွတ်လပ်မှုမရှိပုံ၊ နေရာတကာ ဂျပန်စစ်သားများ၊ ဂျပန်စစ်ဗိုလ်များက ဩဇာပေးနေကြပုံများကို 'မလွတ်လပ်သော လွတ်လပ်ရေး'အခန်းတွင် ရေးသားခဲ့သည်။

ဆရာမန်းတင်၏ ဇာတ်ကောင် မောင်ပြုံးချိုအား ဂျပန်စစ်သားတစ်ဦးက လာတွေ့ပြီး စာရွက်စာတမ်းများပြ၍ မောင်ပြုံးချိုတို့ ထုတ်တာလားဟု မေးသည်။ ထိုအခါ နယ်ကထုတ်သော စာရွက်စာတမ်းများဖြစ်ပြီး မောင်ပြုံးချိုတို့ စစ်ရုံးကို ပို့လာသည့်အခါ ဂျပန်ဗဟိုစစ်ရုံးသို့ ရောက်သွားသည်။ ထိုစာရွက်စာတမ်းကိစ္စနှင့် ထိုဂျပန်စစ်သားက လာရောက်မေးမြန်းခြင်းဖြစ်သည်။ ထို့အကြောင်းကို ဆရာမန်းတင်က အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

'ဒီစာရွက်တွေနဲ့ပတ်သက်ပြီး ကျုပ်တို့စစ်ဗိုလ်ကြီး အားကြီးစိတ်ဆိုးတယ်'

'ဘာဖြစ်လို့ပါလိမ့်ဗျာ'

'ဘယ်ဟာရမှာလဲဗျ၊ ဘာစာတမ်းမှ ကျုပ်တို့စစ်ရုံးက အသိအမှတ်မပြုဘဲ မထုတ်ရဘူးလို့ အမိန့်ထုတ်ထားတာကြာပြီ၊ ဒီအမိန့်ကို ခင်ဗျားတို့ မလိုက်နာဘူး၊ ခင်ဗျားတို့ ထုတ်ချင်တာတွေ၊ ရေးချင်တာတွေ ရေးနေတယ်။ ပြီးတော့ မသုံးရမယ့် စကားလုံးတွေလည်း သုံးထားတယ်'

'ဘယ်ဟာပါလဲဗျာ'

'ဘယ်ဟာရမှာလဲ၊ ဒီဟာတွေပေါ့ဗျ'

သူသည်စာရွက်တွေကို ဖြန့်ကြဲကာ လက်နှင့်ထောက်၍ ပြလေသည်။

'ကဲ ဒါဖတ်စမ်းပါဦး' မောင်ပြုံးချိုအား ခိုင်းလေ၏။

'လွတ်လပ်သော မြန်မာပြည်အစိုးရ' မောင်ပြုံးချိုက ဖတ်၏။

'အဲဒီစာလုံးတွေဟာ စာရွက်တိုင်းမှာ ပါတယ်။ စစ်ဗိုလ်ကြီး အားကြီးစိတ်ဆိုးတယ်။ နောက်ကို ဒီစာလုံးများ မသုံးပါစေနဲ့၊ ခင်ဗျားတို့လည်း မသုံးပါနဲ့၊ ကျုပ်တို့ စစ်ဗိုလ်ကြီး အားကြီးစိတ်ဆိုးနေတယ်။ မြန်မာပြည်ကို လွတ်လပ်ရေးမပေးသေးဘဲနဲ့ လွတ်လပ်သော မြန်မာပြည်အစိုးရ၊ လွတ်လပ်သော မြန်မာပြည်အစိုးရနှင့် သုံးနေတာ ရယ်စရာသိပ်ကောင်းတယ်။ အခုမှ ပေးရကောင်းမလားလို့ စဉ်းစားတုန်းရှိသေးတယ်၊ နောက်ကို ကျုပ်တို့စစ်ရုံးက အမိန့်မရဘဲ ဘယ်စာတမ်းမှ မထုတ်ပါနဲ့'

ဆရာမန်းတင်သည် ဂျပန်သူလျှိုစာအုပ်အကြောင်းကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ဂျပန်သူလျှိုစာအုပ်ကို စာဖတ်ဝါသနာပါသူတိုင်း ဖတ်ဖူးကြပေလိမ့်မည်။ ထိုစာအုပ်သည် အီတလီလူမျိုး Amleto Vaspa ရေးသားသော Secret Agent of Japan ကို အနက်ပြန်ထားခြင်းဖြစ်သည်။ ထိုဂျပန်သူလျှိုစာအုပ်သည် မြန်မာဘာသာဖြင့် နှစ်မျိုးနှစ်စား ထွက်ပေါ်လာခဲ့သည်။ တစ်မျိုးမှာ စာအုပ်အရွယ်ကြီး၍ နောက်တစ်မျိုးမှာ အရွယ်ငယ်သည်။ စာအုပ်အကြီးတွင် အဖြတ်အတောက်မရှိ၊ စာရေးဆရာ ရေးသားသည့်အတိုင်း အနက်ပြန်ထားသည်။ စာအုပ်အငယ်တွင်ကား အချို့နေရာများကို ချန်လှပ်ထားခဲ့လေသည်။ စာအုပ်ထွက်ပေါ်လာစတွင် စာဖတ်ပရိသတ်တို့က 'အင်္ဂလိပ်ဝါဒဖြန့် စာအုပ်တစ်အုပ်' ဟူ၍ အသိအမှတ်ပြုခဲ့ကြသည်။

'ဂျပန်သူလျှို'တွင် ဂျပန်တို့ စိတ်ထားကောက်ကျစ်ပုံ၊ တိုင်းသူပြည်သားတို့အား အမျိုးမျိုးသောနည်းဖြင့် နှိပ်စက်ညှဉ်းပန်းပြုပုံတို့ကို ဖော်ပြထားလေသည်။ ဂျပန်သူလျှိုအဖြစ် အမှုထမ်းခဲ့ရသော စာရေးဆရာသည် မိမိတွေ့ကြုံဖြစ်ပျက်ခဲ့ရသမျှ အကြောင်းစုံကို ကွက်ကွက်ကွင်းကွင်း အသက်ပါပါ ရေးသားထားလေသည်။

'ဂျပန်သူလျှို'ကိုဖတ်ပြီးသော မြန်မာတစ်ယောက်သည် တိုကျိုရေဒီယိုမှ ချိုအေးသာယာသောလေသံဖြင့် အလွန်ယဉ်ကျေးသည့် စကားလုံးများကို သုံးကာနေသော 'ဂျပန်လူမျိုးတို့သည် ဤမျှလောက် ယုတ်မာညစ်ညမ်း အလွန်သရမ်းသည်မှာ ဟုတ်မှဟုတ်နိုင် ပါမည်လော'ဟု သံသယမကင်း ဖြစ်မိပေလိမ့်မည်။ ၁၉၄၂ ခုနှစ်တွင် နေမျိုးနွယ်တို့ မြန်မာပြည်လုံးကို လွှမ်းမိုးသွားသောအခါ၌ သူတို့၏ ယုတ်မာညစ်ညမ်း လက်သရမ်းပုံတွေကို တို့မြန်မာများကိုယ်တွေ့ တွေ့ကြုံခံစားကြရလေရာ စာအုပ်အကြီးအတိုင်းပါပဲလား ဟရို့ဟု မှတ်ချက်ချကြလေ၏။




ထိုအချိန်အခါသည် နေမျိုးနွယ် လက်ဝါးနှင့် တို့ဗမာ့ ပါးပြင်အစဉ်လိုလို တွေ့ကြုံရ၍ တဖတ်ဖတ်မြည်လျက်ရှိသော သမယတည်းဟူ၍ ဆရာမန်းတင်က 'ထိုသုံးနှစ်' တွင် တင်ပြခဲ့လေသည်။

ဆရာမန်းတင်သည် ဂျပန်သူလျှိုစာအုပ်အား အပြည့်အစုံ မခြွင်းမချန် ဘာသာပြန်ဆိုသော ရှေ့နေဦးဘတင်အကြောင်းကို ကိုယ်တွေ့မျက်မြင်အတိုင်း ရင်နင့်ဖွယ် ရေးပြခဲ့သည်။ ရှေ့နေဦးဘတင်အား ဂျပန်တို့က လက်ပံတန်းသို့ ရောက်လာပြီး ခေါ်ဆောင်သွားခဲ့သည်။ ရန်ကုန်မြို့ ပုလိပ်ရုံးကြီးရှိ ဖက်ဆစ်အကျဉ်းစခန်းတွင် ရက်ရက်စက်စက် ကမ်းကုန်အောင် နှိပ်စက်ညှဉ်းပန်းပြီး မသေရုံတမယ်ရှိတော့မှ ဦးဘတင်ကို လွှတ်ပေးလိုက်လေသည်။ ထိုအကြောင်းကို ဆရာမန်းတင်က အောက်ပါအတိုင်း ရေးဖွဲ့ခဲ့သည်။

'....ဦးဘတင်ကား ယခင်သုံးလက ဦးဘတင် မဟုတ်တော့ချေ။ ဦးဘတင်အား လူနာတင်ကပ်နှင့် ထုတ်လာပြီးလျှင် မော်တော်ကားနှင့် ဘူတာရုံသို့ ယူဆောင်၍ မီးရထားဖြင့် ပြန်ခဲ့ကြလေ၏။ မီးရထားသည် တစ်ညလုံး ခုတ်မောင်းလျက်ရှိသည်။ သူသည် အိပ်မပျော်၊ သူ၏ဇနီးကိုသာ ကြည့်လျက်ရှိသည်။

'အိမ်မရောက်သေးဘူးလား'ဟူ၍သာ မကြာခဏမေးလျက် လိုက်ပါလာလေ၏။

နံနက်လင်းလျှင်လင်းချင်း လက်ပံတန်းဘူတာရုံသို့ မီးရထားဆိုက်လေသည်။ သူ့မိတ်ဆွေတို့သည် သူ့ကိုလူနာတင်ကပ်နှင့်တင်ကာ သူ့အိမ်သို့ထမ်း၍ ယူလာကြလေသည်။ သူ့အား ဆင်ဝင်ခန်းတွင် ပြင်ဆင်ထားသည့် မွေ့ရာကြီးပေါ်တွင် နေစေပြီး ဇနီးသားသမီးဆွေမျိုး သင်္ဂဟတို့သည် ဝိုင်းအုံ၍ပြုစုကြသည်။ သူသည် သူ့အဖြစ်အပျက်ကို ပြောချင်လှဟန်တူသည်။ 'ကိုဘတင် စကားမပြောနဲ့ မောမယ်၊ ငြိမ်ငြိမ်နေ၊ နောက်မှ စကားပြောတာပေါ့'ဟု သူ့မိတ်ဆွေများက ဟန့်တားသည်။ သူ့အဖြစ်အပျက်ကို ယခုနားမထောင်လျှင် ဘယ်သောအခါမှ နားထောင်ရတော့မည် မဟုတ်ဟု ဟန့်တားသူများ သတိမထားကြ၊ ဦးဘတင်သည် ထိုနေ့ညဦးယံတွင် ကွယ်လွန်လေ၏။

'စာတွေမှဟုတ်၊ ငါတွေ့ တွေ့ကြုံခံစားခဲ့ရရှာသည်တကား'

'အဆွေတော် မဟာမိတ် နိပ္ပွန်စစ်သည်တော်များနှင့် ကျွန်ုပ်တို့၏ သွေးရင်းသားရင်းများသည် သေနတ်ကိုဆွဲကိုင်ကာ စစ်မြေပြင်သို့ ဆင်းလျက်ရှိကြစဉ် ကျွန်ုပ်တို့ အလုပ်သမားများသည်လည်း ပေါက်တူး၊ ပေါက်ပြားကိုဆွဲကိုင်ကာ စစ်မြေပြင်သို့ ဆင်းကြစို့' ဟူ၍ ဝါဒဖြန့်စာတမ်းများ နေရာအနှံ့ဝေငှနေကြသည်။ ဤသို့ဖြင့် 'ချွေးတပ်'ဟူသော ဝေါဟာရအဆန်းကို တစ်ခါဖူးမျှ မကြားဖူးရှာကြသော တောသူတောင်သား လယ်သမားတို့သည် ထိုစာတမ်းကို ဖတ်ရသည်နှင့်တစ်ပြိုင်နက် 'ကျ' ကြလေကုန်၏။

ထိုချွေးတပ်အကြောင်းကို ဆရာမန်းတင်သည် 'နက်ရှိုင်းသော အမှောင်ထုရှိ ဗမာ'အခန်းတွင် စုတ်တသပ်သပ် သနားစဖွယ် ရေးသားခဲ့လေသည်။

မောင်ပြုံးချိုသည် မြို့ပိုင်ဘဝမှနေ၍ ဖက်ဆစ်တော်လှန်ရေး အစပြုချိန်တွင် တော်လှန်ရေးသမားများနှင့်အတူ ဖက်ဆစ်ကို တိုက်ခိုက်ခဲ့လေသည်။ ဖက်ဆစ်ဆန့်ကျင်ရေး အရေးတော်ပုံအကြောင်းကို ဗမာ့ခုခံရေး၊ ကိုယ်ပျောက်တပ်သား၊ ပြောက်ကျားစစ်တို့တွင် တင်ပြခဲ့လေသည်။

'ထိုသုံးနှစ်'စာအုပ်နှင့်အတူ ထိုခေတ်ကာလ ဂျပန်ခေတ်ကာလအတွင်းက အဖြစ်အပျက်များကို ရေးသားထားသောဆောင်းပါးသုံးပုဒ်ကို ဖော်ပြထားလေသည်။ ဂျပန်ခေတ်က အနိဋ္ဌာရုံများနှင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ တော်လှန်ရေးကို ဆရာမန်းတင်က ကိုယ်တွေ့ကြုံရသမျှ ပြန်လည်တင်ပြထားခြင်းဖြစ်သည်ဟု ဆိုရပေမည်။

**မိုးအသင့်အတင့် ထစ်ချုန်းရွာမည်**

**နေပြည်တော် ဩဂုတ် ၃၀** နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံလက်မှတ်ရေးထိုးရန် သဘောတူ



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်

**နေပြည်တော် ဩဂုတ် ၃၀**

**ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို** ပြည်ထောင်စုလွှတ်တော်က ထောက်ခံကြိုဆိုကြောင်း ကြေညာချက်ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒသမနေ့တွင် လွှတ်တော်၏ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ကြေညာသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို** ထောက်ခံကြိုဆိုကြောင်း ပြည်ထောင်စုလွှတ်တော်၏ ထုတ်ပြန်ကြေညာချက် (မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဖတ်ကြားပြီး လွှတ်တော်၏ သဘောထားရယူရာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သန်းစိုးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံသော်လည်း ထုတ်ပြန်ကြေညာချက်တွင်ပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဆိုသည့်စကားရပ်ကို ပြင်ဆင်ထုတ်ပြန်သင့်ကြောင်း တင်ပြခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက် (မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော် နာယက က စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၃၉၀၊ ကန့်ကွက်မဲ ၁၈၄ မဲ၊ ကြားနေမဲ ငါးမဲရရှိပြီး ထောက်ခံမဲများသည့်အတွက် ယင်းထုတ်ပြန်ကြေညာချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကာကွယ်ရေးဆိုင်ရာလုပ်ငန်း တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်းနှစ်ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း လေးခုအတွက် စုစုပေါင်းငွေကျပ် ၅၆၄၈ ဒသမ ၂၃ သန်း ခွဲဝေသုံးစွဲထားမှုကို မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ဒုတိယအခြေပြစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် အာဆီယံဒေသတွင်း ဘက်စုံရင်းနှီးမြှုပ်နှံမှုများကို ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍကိုဒေသတွင်းနှင့် နိုင်ငံတကာ၏ ကုန်ထုတ်လုပ်မှု ကွင်းဆက်များတွင် ထိရောက်စွာ ပါဝင်နိုင်ရန်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်းသည် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရာရောက်ပြီး ဂျီဒီပီတိုးတက်မှုနှင့်လည်း တိုက်ရိုက်အချိုးကျကြောင်း ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုးက နိုင်ငံတကာ ဆက်ဆံရေးတွင် ထာဝရမိတ်ဆွေမရှိဘဲ ထာဝရအကျိုးစီးပွားသာ ရှိပါကြောင်း၊ စာချုပ်များနှင့် ပတ်သက်ပြီး နိုင်ငံရေးအရ တရားဝင်မှုကို အလေးပေးရမည် ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ ထာဝရအကျိုးစီးပွားကိုလည်း ဦးစားပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားရှုထောင့်မှ ချဉ်းကပ်အဖြေရှာရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် မူရင်းနိုင်ငံသားများ၏ အကျိုးကဲ့သို့ အခွင့်တူ ခံစားခွင့်ပေးမည်ဖြစ်ကြောင်းကို ယခု သဘောတူညီချက်စာချုပ်ထဲတွင် ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေသည် နိုင်ငံသားများအတွက် အခွင့်အရေးပိုရရန်၊ အကာအကွယ်ပေးရန်၊ မြေတောင်မြှောက်ပေးရန် ဘာတွေပြင်ဆင်ထားသလဲဆိုသည်ကို အမျိုးသားအကျိုးစီးပွားရှုထောင့်ကနေ ကြည့်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေက မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်အပေါ်တွင် အခြေတည်သည့် စီးပွားရေးကို စဉ်းစားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အာဆီယံ

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ပြည်တွင်းမှ တတ်၊ သိ ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရသို့ တိုက်တွန်းသည့် အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက အရေးကြီးအဆိုတစ်ရပ် တင်သွင်းသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ဩဂုတ် ၂၄ ရက် သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦး ပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးပေးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်၊ သိ ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရသို့ တိုက်တွန်းသည့် အရေးကြီးအဆိုကို** လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက တင်သွင်းပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေက ထောက်ခံဆွေးနွေးသည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကာ အဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာသည်။



ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ **မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား လွှတ်လပ်သော ကုန်သွယ်ရေးနယ်မြေစာချုပ် ချုပ်ဆိုထားခြင်း ရှိ/မရှိ နှင့် ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ...

**ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ခြောက်ခုတွင် ပါဝင်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းတို့မှာ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-ဂျပန် လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှု ဒေသ၊ အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသတို့ ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရေးထိုးထားသည့် လွတ်လပ်သောကုန်သွယ်မှုဒေသသဘောတူစာချုပ် မရှိပါကြောင်း၊ **နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ကျောရိုးဖြစ်သည့် ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် သင့်မသင့်ကို မိမိနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လေ့လာသုံးသပ်ပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း** ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ **အစိုးရဝန်ကြီးဌာနများ၏ ဘတ်ဂျက်များ ခွဲဝေချထားရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အမှန်တကယ် ဒေသပေါက်ဈေးနှင့်အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ပတ်သက်ပြီး ဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဘတ်ဂျက်ကို လျာထားရေးဆွဲကာ အဆိုပြုတင်ပြနိုင်ပါကြောင်း၊ သက်ဆိုင်ရာကော်မတီများက စိစစ်သည့်အခါတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ထောက်ခံထားသည့် ဒေသန္တရဈေးနှုန်းများကို အသုံးပြု၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဘတ်ဂျက်ခွဲဝေချထားရာတွင် ဌာနအဖွဲ့အစည်းများသည် ဒေသဈေးနှုန်းများဖြင့် လျာထားတွက်ချက် တင်ပြလာပါက သက်ဆိုင်ရာကော်မတီများက စိစစ်ပြီး ခွဲဝေချထားပေးလျက် ရှိပါကြောင်းနှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ကော်မတီများသို့လည်း ထပ်မံအတည်ပြု

စာမျက်နှာ ၈ ကော်လံ ၁ သို့

# ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်းဖောက်လုပ်ပေးရန် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းရန် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **"တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွှေ-ဖက်ကွန်-လင်းလေလမ်းအား ကတ္တရာလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဂနိုင်ရွှေ-ဖက်ကွန်-လင်းလေလမ်းပိုင်း၌ပါဝင်သော ဂနိုင်ရွှေ-ကန်လောင်းလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၃၆၇ သန်း အသုံးပြု၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဆိုပါလမ်းပိုင်း၌ ပါဝင်သော ကန်လောင်း-ဇလဲလမ်း ၁၀ မိုင် ၇ ဖာလုံကို ဂျာမန်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် (KFW) စီမံကိန်း Phase II နှင့် Phase III တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၏ **"ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မြောက်ဦးမြို့ ကိုးသောင်းဘုရားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆ ဒသမ ၈၈ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **"ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အတွင်းရှိ အပေါက်ဝကျေးရွာမှ နေပူခံကျေးရွာ၊ ဒုက္ကံချောင်းကျေးရွာ၊ ဗိုလ်မင်းကျေးရွာ၊ ဘာရာဝါကျေးရွာနှင့် ကြောင်ဖိုကျေးရွာအထိ ကျေးရွာချင်းဆက်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝ-နေပူခံ-ဒုက္ကံချောင်း၊ ဗိုလ်မင်း-ဘာရာဝါ-ကြောင်ဖို ကျေးရွာချင်းဆက်လမ်း၏ လက်ရှိအခြေအနေသည် ကျောက်ချောလမ်း တစ်မိုင် နှစ်ဖာလုံ၊ မြေသားလမ်း လေးမိုင် လေးဖာလုံနှင့် သစ်သားတံတားတစ်စင်း၊ ရေပြွန်ခြောက်စင်းရှိပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၀၃၄၊ လူဦးရေ ၈၃၃၈ ဦးတို့အား အကျိုးပြုလျက်ရှိပါကြောင်း။

အဆိုပါ အပေါက်ဝ-နေပူခံ-ဒုက္ကံချောင်း၊ ဗိုလ်မင်း-ဘာရာဝါ-ကြောင်ဖို ကျေးရွာချင်းဆက်လမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ **"ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေး သွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ငွေဆောင်-ဆင်မငရုတ်ကောင်း-ဖောင်တိုးလမ်း အရှည် ၆၆ မိုင် နှစ်ဖာလုံတွင် မြေသားလမ်းအဆင့်မှ စတင်ဖောက်လုပ်ပေးရန် ၂၆ မိုင် နှစ်ဖာလုံ ကျန်ရှိပါကြောင်း၊ ထို့အတူလမ်းပေါ်တွင် တံတားစုစုပေါင်း ၂၉ စင်းနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

**မြောက်ဦးမြို့ ကိုးသောင်းဘုရားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၆ ဒသမ ၈၈ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်**

### ပြည်ထောင်စုလွှတ်တော်မှ

အတွင်း စီးပွားရေးနှင့်သက်ဆိုင်သည့် စာချုပ်များကို ဆောင်ရွက်သည့်အခါ လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ယင်းအာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယ အခြေပြုစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် သုံးဦးတို့က ဆွေးနွေးခဲ့ကြသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းက နိုင်ငံတော်၏ လိုငွေများကို ဗဟိုဘဏ်မှ ချေးယူမည်ဆိုပါက ဈေးကွက်အတွင်းသို့ ငွေကြေးအလုံးအရင်း စီးဝင်လာပြီး ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ဗဟိုဘဏ်မှ အစိုးရက တိုက်ရိုက်ငွေချေးယူခြင်းကို ပိတ်ပင်ထားပါကြောင်း၊ ငွေကြေးဖောင်းပွမှုရှိလာပါက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်မဟုတ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လာရောက်မည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်မည်ဆိုပါက ငွေကြေးဖောင်းပွမှုကို မည်မျှအတိုင်းအတာအထိ ခန့်မှန်းထားသည်ကို ရှင်းပြသင့်ပါကြောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်း တက်လာမည့် တန်ဖိုးကို မည်မျှဖောင်းပွမှုရှိမည်၊ မည်မျှအထိ ထိန်းချုပ်နိုင်မည်ကို ပွင့်ပွင့်လင်းလင်း အစီရင်ခံပြီးမှသာ ချေးငွေကို ရယူသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုးက မိမိတို့နိုင်ငံသည် ငွေသားအခြေပြုသည့် စီးပွားရေးဖြစ်ပါကြောင်း၊ ငွေသားအခြေပြု စီးပွားရေးစနစ်ဖြင့် ရပ်တည်နေသည့်အချိန်တွင် နိုင်ငံ၏ စီးပွားရေးပြဿနာများကို ဖြေရှင်းရန်အတွက် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေသည့်နည်း၊ အစိုးရငွေတိုက်လက်မှတ်များကို ဗဟိုဘဏ်က ရိုက်နှိပ်ထုတ်ရောင်း၍ ငွေရှာသည့်နည်း၊ အစိုးရက အမြဲတမ်းအကူအညီပေးနေသည့် နည်းများကို သုံးနေမည်ဆိုပါက စီးပွားရေးပြဿနာများကို ဖြေရှင်းရာတွင် ခက်ခဲမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းနှင့်အဆုံးအဖြတ်ရယူခြင်းကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ပြည်သူ့လွှတ်တော်မှ

အကြောင်းကြား၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့တွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင်ပျက်စီးခဲ့သည့် ရှေးဟောင်း အမွေအနှစ် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်တစ်ရက်စာကို ပေးလှူရန် လွှတ်တော်၏ သဘောတူညီမှုကိုရယူပြီး စုပေါင်းလှူဒါန်း ငွေကျပ်သိန်း ၁၅၀ ကို ပေးလှူမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်မှ

Box Culvert နှစ်စင်းရှိသည့်အနက် တံတား ၁၂ စင်း ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နှင့်တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက်ကမ်းခြေပတ်လမ်းဖောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်


ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထား တင်ပြမှုအပေါ် မူတည်၍ လျာထား တင်ပြပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **“ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ် တာတမံကို ဖို့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အလယ်၌ ရေချိုကန်ပါသော အသက်ကယ်ကုန်းမြင့်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ကျေးရွာခုနစ်ရွာကို အကျိုးပြုလျက်ရှိပြီး အလျား ၁၄ မိုင်ရှိသည့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ်တာကို ပြုပြင်ရန် လိုအပ်သည့် အလျားခုနစ်မိုင်ကို ပုံစံကျပြုပြင်ခြင်းနှင့် ကွန်ကရစ် ရေတံခါး သုံးပေါက်တည်ဆောက်ခြင်း၏ ခန့်မှန်းကုန်ကျငွေကျပ် ၈၈ ဒသမ ၉၆၃ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံထောက်ခံကြိုဆိုပွဲများ ကျင်းပ

**မကွေး**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ထောက်ခံကြိုဆိုပွဲကို မကွေးမြို့တွင် ယနေ့နံနက် ၈ နာရီခွဲကစတင်ကျင်းပရာ လူထုချီတက်ပွဲစုရပ်နေရာများမှ စစ်ကြောင်းများက ဟောပြောပွဲပြုလုပ်မည့် လွတ်လပ်ရေးကျောက်တိုင် ကွင်းစုရပ်သို့ လာရောက်ကြပြီး (၂၁)ရာစုပင်လုံ ညီလာခံကို ကြိုဆိုထောက်ခံပါ၏ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ စီတန်းလှည့်လည်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ရမည်းသင်း**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံထောက်ခံကြိုဆိုခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့တွင် ကျင်းပခဲ့ရာ ထောက်ခံကြိုဆိုပွဲသို့ ၈၈ မျိုးဆက်များ၊ လူမှုကွန်ရက်၊ တောင်သူလယ်သမား၊ အလုပ်သမားအဖွဲ့၊ ကျောင်းသားလူငယ်များ၊ နှလုံးလှပရဟိတအဖွဲ့များ၊ ရမည်းသင်းခရိုင်/မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့၊ ပန်းရဲ့လမ်းအဖွဲ့၊ အရှေ့သပြေပင် ရွှေတောရွာနှင့်မြို့နယ်အတွင်းမှ ကျေးရွာများ၊ ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်တို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **အတ်ကလေး(ရမည်းသင်း)**

**ရေစကြို**

ရေစကြိုမြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံကြောင်း မြို့တွင်းလှည့်လည်ဆန္ဒထုတ်ဖော်ခြင်းကို ဩဂုတ် ၃၀ ရက်က မြို့နယ်အတွင်းရှိ ပြည်သူများစုပေါင်းဦးဆောင်ပြီး မြို့ဝင်ဆိုင်းဘုတ်ရှေ့မှ စတင်ထွက်ခွာကာ ကြွေးကြော်သံများဖြင့် တာတာလွတ်လပ်ရေးကျောက်တိုင်ရှေ့ထိ စုပေါင်းတက်ရောက်ကြကြောင်း သိရသည်။ **အိမ္ဘန်ဆွေ(ရေစကြို)**

**ရန်ကုန်**

(၂၁) ရာစု ပင်လုံညီလာခံအား ကြိုဆိုထောက်ခံသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် (၁၀) လမ်း အမှတ်(၃၀၁) တွင် ဖွဲ့စည်းတည်ထောင်ထားသည့် ဦးစောရွှေ၊ ဦးတင်ဦး၊ ဦးအောင်ကျော်ထူးတို့ ဦးဆောင်ပါဝင်သည့် မြန်မာပြည်သား လူမှုအထောက်အကူပြုကွန်ရက်မှ လူငယ်အင်အား ၁၀၀ ကျော်တို့သည် ဩဂုတ် ၃၀ ရက် နံနက်က စီတန်းလှည့်လည်ကာ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးကို ဖြတ်သန်းလျက်ရှိသောလမ်းများအတိုင်း လမ်းလျှောက်ချီတက်ခဲ့ကြောင်း သိရသည်။ **ဝင်းမြင့်ထွန်း (တောင်ဥက္ကလာ)**

**ညောင်ဦး**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံဂုဏ်ပြုသောအားဖြင့် ညောင်ဦးတွင် ဩဂုတ် ၃၀ ရက် နံနက်က အခမ်းအနားကျင်းပရာ ညောင်ဦးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဥက္ကဋ္ဌ)ဦးဝင်းမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ ပုဂံမြို့ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ပရဟိတလူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများစုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

**မန္တလေး**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူများ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါက်တာအောင်အောင်မင်း၊ သဘာပတိအဖွဲ့ဝင်များ အဖြစ် ဒေါက်တာခင်မမတင်၊ ဒေါက်တာအောင်ကျော်သင်တို့က ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများအဖွဲ့ချုပ်မှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဆရာမများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသုတက ဖတ်ကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ပခုက္ကူ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့၌ ကျင်းပရာ ဒေသခံရဟန်းရှင်လူ ပြည်သူများ၊ အဖွဲ့အစည်းများပါဝင်သောအဖွဲ့က ပခုက္ကူမြို့ အမှတ် ၁၅ ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံစုရပ်မှ မြို့မလမ်းအတိုင်း ကြွေးကြော်သံများ၊ ဗီနိုင်းဆိုင်းဘုတ်များ ကိုင်ဆောင်၍ အမှတ် (၈)ရပ်ကွက်လွတ်လပ်ရေး ပန်းခြံအထိ ချီတက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဗန်းမော်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် ရွှေကူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် ဩဂုတ် ၂၉ ရက် နံနက်က စစ်ကြောင်းများဖြင့် ပိုစတာများ ကိုင်ဆောင်၍ ပြည်သူ့အားကစားပြိုင်ပွဲကွင်းကြီးအတွင်းသို့ ကြွေးကြော်သံများဖြင့် တစ်ခဲနက်ထောက်ခံခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**




## ရင်းရင်းရယ်နှီးပါလို့

❀ အကျိုးမျှော်အမှန်
နှီးဆော်သံဖွင့်၊
လာလာလေ လိုက်ခဲ့တော့
ခေါင်းမော့လည်ဝင့်။
❀ အခက်ခဲလာ
လက်တွဲကာဖြေရှင်း၊
သူမခိုကိုယ်မကတ်
စိတ်ဓာတ်ပုံခင်း။
သတိရယ်ယှဉ်
သိအမြင် ဉာဏ်ရည်လိမ်း၊
ငြိမ်းချမ်းရေး ပန်းကိုဆုပ်
လက်ခုပ်သံဟိန်း။
❀ တစ်တောရယ် တစ်ကြက်ဖ
သဘောက တစ်တောမူ၊
ထိုထိုမူ ဘယ်မလှ
ကင်းပဇ္ဇုန်ထူ
ညီညွတ်ရေးအခြေယူ
ဖေးမကူ လေချိုညင်း၊
ဘေးဘယာစင်
အေးမြသွင် သည်ဒေသ
ပန်းလှထုံသင်း။
❀ သည်ချိန်ခါ ရေရှည်တွေး
ရွှေပြည်အေး ကြံမွေ့ထုံ၊
အေးရိပ်ကိုလှုံ။
❀ တူတကွ တွဲလက်ဆုံ
မြဲကြည်ယုံ စိတ်ဓာတ်လောင်း
ရင်းရင်းရယ်နှီးပါလို့
စည်းလုံးမှန် ပုံရိပ်လှ
ပြကြ ချိန်ကောင်း။

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုဂုဏ်ပြုလျက်-**

**■ ဖိုးလေးလုံးသောင်းကိုကို**

## ငလျင်ကြောင့် ပျက်စီးခဲ့မှုများပြန်လည်ပြုပြင်ရန် ဟွာဝေးမှ သိန်း ၁၀၀၀ ဖိုးရှိပစ္စည်းများ လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံအလယ်ပိုင်း၌ ဩဂုတ် ၂၄ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုဖြစ်ပွားခဲ့မှုကြောင့် မြန်မာ့သမိုင်းဝင်အဖိုးတန် ယဉ်ကျေးမှုနယ်မြေများတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ သက်ဆိုင်ရာက လိုအပ်သည့် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန် Huawei P9 မော်ဒယ်အလုံး ၁၀၀ နှင့်တကွ မြန်မာငွေကျပ်သိန်း ၅၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ အထောက်အပံ့များ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံရဲ့ အမှတ်လက္ခဏာသဖွယ်ဖြစ်တဲ့ ရှေးဟောင်းသမိုင်းဝင်အဖိုးတန်နယ်မြေများမှာ ခုလိုပျက်စီး ထိခိုက်မှုတွေကို မြင်တွေ့ခဲ့ရတဲ့အတွက် ဝမ်းနည်းမိပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ရဲ့လှူဒါန်းမှုမတည်ငွေတွေကနေတစ်ဆင့် လူတစ်ဦးချင်းစီအလိုက်သာမက အဖွဲ့အစည်းကြီးတွေကိုပါ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွေမှာ မူလအတိုင်း ရိုးရာမပျက် ပြန်လည်ပြုပြင်မွမ်းမံ၊ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ဖို့အတွက် အားပေးကူညီသွားမှာပါ” ဟု Huawei Technologies (ရန်ကုန်)ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ် Mr.Zhang Liman က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံတွင်လှုပ်ခဲ့သည့် မြေငလျင်မှာ ရာစုနှစ်ပေါင်းများစွာ သက်တမ်းကြာမြင့်နေပြီဖြစ်သော ဘုရား ကျောင်းတော်များ၊ စေတီနှင့် စွယ်တော်များ အပါအဝင် များစွာသော ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်ဒေသများတွင် အဆောက်အအုံပိုင်းဆိုင်ရာ၌ ပျက်စီးထိခိုက်မှုများရှိခဲ့သည့်အတွက် ပြန်လည်မွမ်းမံမှုများ အထူးလိုအပ်လျက်ရှိရာ Huawei က လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့လင်း)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင်နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

❍ *ကျောဖုံးမှ*

**နမူနာကောက်ရွေးချယ်နည်း**

စာရင်းနှင့်စာရင်းစစ်ပြပွဲကို ဇူလိုင် ၉ ရက် နှင့် ၁၀ ရက်တို့တွင် အမျိုးသားဇာတ်ရုံ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အကြီးစားနှင့် အလယ်အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများတို့ကို လိုက်နာကျင့်သုံးမှုအခြေအနေကို အစီရင်ခံတင်ပြရန် (International Financial Reporting) နှင့်ပတ်သက်၍ ဆောင်ရွက်နေပါကြောင်း၊ GIZ ဂျာမန်ကုမ္ပဏီကလည်း အထောက်အပံ့ပေးနေပါကြောင်း၊ ဆန်းစစ်မေးခွန်းလွှာများပြုစု၍ ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အကြီးစားနှင့် အလယ်အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်း စံများ လိုက်နာကျင့်သုံးမှုအခြေအနေကို နမူနာကောက်ရွေးချယ်နည်းဖြင့် ရွေးချယ်ကာ လေ့လာစိစစ် သုံးသပ်မှုပြုလုပ်မည် ဖြစ်ပါကြောင်း။

**ပွင့်လင်းမြင်သာမှုအားနည်း**

အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးမှုနှင့် အစိုးရငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှုအခြေခံမှ စေ့ရောက်မှုအခြေခံသို့ အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပါက နိုင်ငံတွင် ပွင့်လင်းမြင်သာမှု အားနည်းနေပါကြောင်း၊ ဒီအစိုးရလက်ထက်တွင် စွန့်စွန့်စားစားနှင့် မှတ်တိုင်တစ်ခုဖြစ်အောင် ကျင့်သုံးရန်ရည်ရွယ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**အထူးမွမ်းမံသင်တန်းများအား ရပ်စဲခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးစောဗယ်လင်တိုင်းက ရက် ၁၀၀ အတွင်း နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်နိုင်ရေး၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြန်တမ်းဝင်အရာရှိဝင်ပေါက် ရာထူးရေးဖြေ စာမေးပွဲမေးခွန်း ပုံစံပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော ပုံမှန်သင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများနှင့်စပ်လျဉ်း၍ သင်ကြားမှုပုံစံများ ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများနှင့် ဘာသာရပ်ပို့ချချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ သင်ရိုးဇယားနှင့် သင်ရိုးညွှန်းတမ်းများအား သုံးသပ်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုတွင် Civil Services Academy (CSA) များကို ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် Hanns Seidel Foundation ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ တည်ထောင်ရေး အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသော တက္ကသိုလ်တံဆိပ်၊ လက်မောင်းတံဆိပ်များသည် ခေတ်ကာလအားဖြင့် လျော်ညီမှုမရှိတော့ခြင်းကြောင့် တက္ကသိုလ်အမှတ်အသား Logo တံဆိပ်အသစ်၊ ဆောင်ပုဒ်အသစ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၏ အကဲဖြတ်မှတ်တမ်းနှင့် ရာထူးတိုးမြှင့်ပေးရန် တန်းစီဇယားများစုစည်းစိစစ်ခြင်း၊အခြေခံဆရာ/ဆရာမများ၊ တက္ကသိုလ်/ကောလိပ်ဆရာ/ဆရာများအတွက် (အထူးမွမ်းမံသင်တန်းများအား ရပ်စဲခြင်း) တို့ဖြစ်ကြောင်း။

**ပြင်ဆင်ရမည့် ပုဒ်မများ**

နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်နိုင်ရေးကိစ္စအတွက် ပြင်ဆင်ရမည့် ပုဒ်မများမှာ ပုဒ်မ ၅၈ မူလက "ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်" အစား "ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်ရှိသည်" ဟူ၍ ဖြစ်ကြောင်း၊ ပုဒ်မ ၆၂ အနေဖြင့် မူလက "အသက် ၅၅ နှစ် ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ" ဆိုသည့် စကားရပ် အစား "ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်တို့က ရက်ပေါင်း ၁၀၀ အတွင်း လုပ်ငန်းစဉ် ၁၃ ခု ချမှတ်ခဲ့ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခြောက်ခု ပါဝင်ပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာန(၂)ခုကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပြီး ပုသိမ်မြို့၌ ဇူလိုင် ၁၆ ရက်နှင့် စစ်တွေမြို့၌ ဇူလိုင် ၂၉ ရက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြဝတီ၊ တာချီလိတ်နှင့် ထားဝယ်ဒေသတို့တွင် မြန်မာနိုင်ငံသား ၁၆၂ ဦးအား ပညာရှင်များဖြင့် သင်ကြားပို့ချပြီး ထိုင်းနိုင်ငံ သက်မွေးပညာအသိအမှတ်ပြုလက်မှတ်များရရှိစေရန် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း အပါအဝင် ဒေသတွင်းလိုအပ်သည့် သင်တန်းခြောက်မျိုးပေးပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းကို ရက် ၁၀၀ အတွင်းဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်သားများ ကျွမ်းကျင်မှုအလိုက် ဝင်ငွေတိုးတက်ရရှိလာခြင်း၊ ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ပါက ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာ-ထိုင်းနယ်စပ်တွင် စက်ရုံများ၊ လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆွဲဆောင်နိုင်မည် စသည့် အကျိုးကျေးဇူးများ မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

**သက်သေခံကတ်ပြားထုတ်ပေးမှု**

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(National Verification Card) ထုတ်ပေးမှုမှာ ဩဂုတ် ၂၆ ရက်အထိ တိုင်းဒေသကြီး၊ ပြည်နယ်တွင် စုစုပေါင်း ၇၉၅၇ ဦး၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ၂၂၂၃ဦး၊ နိုင်ငံသားစိစစ်မှုလုပ်ငန်းဆောင်ရွက်မှုမှာ ဩဂုတ် ၂၆ ရက်အထိ လျှောက်လွှာလက်ခံရရှိမှု ၃၄၄၁ ဦး၊ မြို့နယ်မှ စိစစ်ပြီး ၃၁၇၆ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ စိစစ်ပြီး ၂၈၄၁ ဦး၊ ရုံးချုပ်သို့ တင်ပြမှု ၇၉၀ နှင့် ဗဟိုအဖွဲ့သို့တင်ပြမှု ၁၈၇ဦး ရှိပါကြောင်း။

အမည်မည်းစာရင်း (Black List) ပယ်ဖျက်မှုမှာ မြန်မာနိုင်ငံသား ၂၄၈ ဦး နိုင်ငံခြားသား ၃၇၁ ဦး စုစုပေါင်း ၆၁၉ ဦး ရှိပြီး ကျန်ရှိသည့် အမည်မည်းစာရင်းတွင် နိုင်ငံသား ၁၈၅ ဦး၊ နိုင်ငံခြားသား ၃၅၆၆ ဦး၊ နိုင်ငံကူးလက်မှတ် ၄၈၄၅ အုပ်တို့ရှိပါကြောင်း ပြောကြားသည်။

**ဥပဒေမူကြမ်းများ စိစစ်အကြံပေး**

ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ဥပဒေမူကြမ်းများ စိစစ်အကြံပေးခြင်းလုပ်ငန်းတွင် ဥပဒေမူကြမ်း ၃၅ ခု အနက် ၃၀ ကို စိစစ်ပြီး ဥပဒေအကြံပြုနိုင်ခဲ့ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း မူကြမ်းများအား စိစစ်အကြံ ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဥပဒေမူကြမ်း ၅၅ ခု အနက် ဥပဒေမူကြမ်း ၅၂ ခု ကို ဥပဒေအကြံပြုနိုင်ခဲ့ပါကြောင်း။

ဥပဒေဘာသာပြန်ဆိုခြင်းတွင် ဥပဒေ ၃၈ ခု အနက် ၂၄ ခု ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ အကြံပြုဖြေကြားခြင်းများ ပြုလုပ်ရာတွင် ဥပဒေအကြံပြု ရှစ်ခုတွင် ခုနစ်ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးများက ပေးပို့လာသည့် MoU, MoA, LoI အစရှိသည့် သဘောတူညီချက်များ စိစစ်အကြံပြုခြင်း လုပ်ငန်းပြီးစီးမှုအနေဖြင့် သဘောတူစာချုပ် ၁၃၀ ကိုအကြံပြုနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်တင်ပြမည့် လျှောက်လဲချက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြ ပြီးစီးမှုအခြေအနေမှာ စီမံချက်ကာလအတွင်း သေဒဏ်အတည်ပြုမှု ခြောက်မှု၊ ရာဇဝတ်အယူခံမှု ၄၃ မှု၊ ရာဇဝတ် ပြင်ဆင်မှု ၆၅ မှု၊ ရာဇဝတ်အထွေထွေမှု တစ်မှု ဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားသေလွှတ်မိန့် အယူခံမှုများ ကာလစည်းကမ်း သတ်မှတ်ရက်အတွင်း တင်သွင်းနိုင်ရေးအတွက် ရာဇဝတ်အယူခံမှု ၆၆ မှုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုများ အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရေးအတွက် ပြင်ဆင်မှု ၂၆ မှု ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဥပဒေအကြံဉာဏ်ပေးခြင်း**

တရားမစွဲမှီဥပဒေအကြံဉာဏ်ပေးခြင်းကို အတည်ပြုခြင်းနှင့် ပြင်ဆင်ခြင်းတို့အပေါ် စိစစ်ခြင်းလုပ်ငန်းပြီးစီးမှုမှာ ၁၈၅၈ မှု ဖြစ်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများသို့ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများသို့ လမ်းညွှန်မှု ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းတွင် ပြီးစီးမှု ၂၁ မှု ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါကြောင်း။

ဥပဒေရုံးအဆင့်ဆင့်၏ ရက် ၁၀၀ စီမံချက်ဆောင်ရွက်ပြီးစီးမှုများမှာ ခြောက်လအထက် ကြန့်ကြာမှုခင်းပြီးပြတ်မှုစီမံချက်တွင် ၆၁၆၂ မှုကို ပြီးစီးခဲ့ပြီး အမှုများ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ကြန့်ကြာမှုမရှိဘဲ အမြန်ပြီးပြတ်စေရေးတွင် ၂၁၀၁ မှု ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းထောက်များ၏ မေးမြန်းချက်များကို ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**စာရင်းနှင့်ပတ်သက်၍ ပြုပြင် ပြောင်းလဲမှုများ**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက စာရင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို မည်သည့်နည်းလမ်းများနှင့် ကြိုးစားဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားရာတွင် စာရင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်ကဏ္ဍဟူ၍ ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပတ်သက်၍ နိုင်ငံတကာစာရင်းစစ်စံများ လက်ခံကျင့်သုံးရန် ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းသည် လုပ်ငန်းသစ်မဟုတ်ပါကြောင်း၊ ယခင်ကတည်းက ကမ္ဘာ့ဘဏ်အပါအဝင် အဖွဲ့အစည်းများမှ ရေးဆွဲထားပါကြောင်း၊ ကုမ္ပဏီများ၏ စာရင်းစံနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် အလွန်အားနည်းသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် စာရင်းစံများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ယခင်ကထက် ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကဏ္ဍတွင် ငွေသားစီးဆင်းမှုကို အခြေခံ၍ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ အခြေခံစနစ်မှ International Public Sector Accounting Standard တစ်နည်းအားဖြင့် ငွေသားစီးဝင်မှုနှင့် စီးထွက်မှုသာမက သက်ဆိုင်ရာ အစိုးရဌာနများ၏ ပိုင်ဆိုင်မှုနှင့် အရှုံးအမြတ်အပါအဝင် ငွေသားစီးဆင်းမှုအဆင့်မှ စေ့ရောက်မှုအဆင့်ထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် စတင်ဆောင်ရွက်သည့်အဆင့်၌သာ ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်သည့်အချက်အလက်များ တောင်းထားသည့်အဆင့်တွင် ရှိပါကြောင်း၊ ယခုဆောင်ရွက်မှုသည် စိန်ခေါ်မှုတစ်ခုဖြစ်ပြီး အကြီးအကျယ် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ယင်းလုပ်ငန်းဆောင်ရွက်ရန် ရည်ရွယ်သည့်အဆင့်တွင် အတော်များများရှိပါကြောင်း၊ မိမိတို့အနေဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်၍ မည်သည့်အချိန်တွင် ပြီးစီးမည်ကို ဖြေကြားနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက တပ်မတော်မှ အရာရှိများကို အရပ်ဘက်သို့ ပြောင်းလဲခန့်အပ်ရန် ရှိ မရှိနှင့်ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် ဌာနတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် လုပ်ငန်းများ ရှိပါကြောင်း၊ တပ်မတော်မှ ဝန်ထမ်းအဖွဲ့အစည်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုများရှိသော်လည်း စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ရသည့်အပြင် သက်ဆိုင်ရာဌာနက လက်ခံမှုရှိရန်လည်း လိုအပ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီမှုကိုလည်း လိုအပ်ပါကြောင်း၊ ဌာနများ တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုသည် ဆက်လက်ရှိမည်ဖြစ်သော်လည်း အကန့်အသတ် အများကြီးရှိပါကြောင်း ဖြေကြားသည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်နိုင်ရေးကိစ္စအတွက် ပြင်ဆင်ရမည့် ပုဒ်မများမှာ ပုဒ်မ ၅၈ မူလက "ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်" အစား "ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်ရှိသည်" ဟူ၍ ဖြစ်ကြောင်း၊ ပုဒ်မ ၆၂ အနေဖြင့် မူလက "အသက် ၅၅ နှစ် ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့် တောင်းခံလာပါက ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ" ဆိုသည့် စကားရပ် အစား "ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်မည်ဖြစ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အနိမ့်ဆုံးလုပ်ခလစာ၊ ခုံသမာဓိကောင်စီတို့နှင့်ပတ်သက်၍ မေးမြန်းမှုကို ဖြေကြားရာတွင် အနည်းဆုံးအခကြေးငွေကို ၂၀၁၄ ခုနှစ်က ငွေကျပ် ၃၆၀၀ သတ်မှတ်ထားပါကြောင်း၊ အနည်းဆုံးအခကြေးငွေသည် အလုပ်သမား ပြည်သူ၏ နေထိုင်စားသောက်မှုကုန်ကျစရိတ်ကို အခြေခံပါကြောင်း၊ လောလောဆယ် ပြင်ဆင်ရန် မရှိသေးပါကြောင်း၊ ခုံသမာဓိကောင်စီတွင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆိုသည့် သုံးပွင့်ဆိုင်ဖွဲ့ထားပါကြောင်း ဖြေကြားသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

ပြည်ပအလုပ်အကိုင်ကိစ္စနှင့်ပတ်သက်၍ ဦးမျိုးအောင်က ဖြေကြားရာတွင် အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အိမ်တွင်းအထောက်အကူ လုပ်ငန်းများ လုပ်မည်ဆိုလျှင် ဟောင်ကောင်တွင် ဒေါ်လာ ၅၀၀ ကျော်ရပြီး စင်ကာပူသွားလျှင် ဒေါ်လာ ၄၀၀ ကျော်ရကြောင်း၊ ကိုယ့်နိုင်ငံထဲတွင် တချို့ဘွဲ့ရသူများ ထိုဝန်းကျင် မရရှိကြကြောင်း၊ ထို့အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**အချိန်မရွေးပြောနိုင်**

အလုပ်သမားအဖွဲ့များဖွဲ့စည်းမှုနှင့် ပတ်သက်၍ ဖြေကြားရာတွင် အလုပ်သမားဥပဒေတွင် အတိအကျပြဋ္ဌာန်းထားရှိပါကြောင်း၊ အခြေခံအဖွဲ့အစည်းပြီးလျှင် မြို့နယ်အဖွဲ့၊ ပြီးမှ ပြည်နယ်နှင့်တိုင်း ရှိပါကြောင်း၊ သတ်မှတ်ချက်နှင့် မကိုက်ညီသည့်အဖွဲ့ရှိလျှင် အချိန်မရွေးပြောနိုင်ပါကြောင်း ဖြေကြားသည်။

**အမြန်ဆုံး နှစ်ရက်၊ နောက်အကျဆုံးတစ်ပတ်**

တိုင်ကြားစာနှင့် အသနားခံစာများကိစ္စ၊ အမှုများ အမြန်ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားမှုများ ရှိ မရှိနှင့်ပတ်သက်၍ မေးခွန်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ဖြေကြားရာတွင် တိုင်ကြားစာ၊ အသနားခံစာများနှင့်ပတ်သက်ပြီး သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးတို့က ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းပါကြောင်း၊ အမြန်ဆုံး နှစ်ရက်အတွင်းနှင့် နောက်အကျဆုံးတစ်ပတ်အတွင်း ပြန်ကြားပေးပါကြောင်း။

**ဥပဒေနှင့်အညီ စစ်ဆေး**

ပြစ်မှုနှင့် ပတ်သက်လျှင် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေအရ ခြောက်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည် ဆိုသည့် ညွှန်ကြားချက် ရှိပါကြောင်း၊ သို့သော် အမှုတစ်မှုဖြစ်ခဲ့လျှင် Process များ အများကြီး ရှိပါကြောင်း၊ စစ်ဆေးသည့်ကိစ္စတွင်လည်း ဥပဒေနှင့်အညီ စစ်ဆေးရပါကြောင်း၊ တရားစွဲ အဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ တရားရုံးများ၏ ဆောင်ရွက်ချက်ကြောင့်သာ မဟုတ်ဘဲ ဖြစ်ပေါ်နေသည့် ပြစ်မှုဆိုင်ရာ စစ်ဆေးသည့်နည်းလမ်းများတွင် ဥပဒေအရ ခံစားခွင့်များကို ကြားဖြတ် အမိန့်များရှိသည့်အတွက်ကြောင့်လည်း ကြန့်ကြာနိုင်ပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ပူတင်နှင့်အာဘေးခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးချိန် ပူတင်၏ဂျပန်ခရီးစဉ် အတည်ပြုနိုင်မည်



**တိုကျို ဩဂုတ် ၃၀**

ယခုသီတင်းပတ်ကုန်ပိုင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့တွေ့ဆုံပြီးချိန်တွင် ပူတင်၏ ဂျပန်နိုင်ငံသို့ ခရီးစဉ်ကို အတည်ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ဂျပန်ထိပ်တန်းအစိုးရ ပြောခွင့်ရသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

စက်တင်ဘာ ၂ ရက် နှင့် ၃ ရက်တွင် ရုရှားဆိပ်ကမ်းမြို့တော် ဗလာဒီဗိုစတော့ခ်၌ အရှေ့ပိုင်းစီးပွားရေးဖိုရမ်ညီလာခံကို ကျင်းပမည်ဖြစ်ရာ သီးခြားတွေ့ဆုံမှုအဖြစ် အာဘေးနှင့်ပူတင်တို့ တွေ့ဆုံကြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလပိုင်းမှစ၍ တာဝန်ထမ်းဆောင်စဉ်အတွင်း အာဘေးသည် ရုရှားသို့ ပူတင်နှင့်တွေ့ဆုံရန် အကြိမ်ကြိမ်သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

ပူတင်၏ခရီးစဉ်မှာ မဆုံးဖြတ်ရသေးကြောင်း၊ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံပြီးချိန်မှခရီးစဉ်ကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် ရုရှားနှင့် သဘာဝစွမ်းအင်အရင်းအမြစ်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ချည်းကပ်မှုအသစ်ဟုခေါ်သော ဂျပန်-ရုရှားဆက်ဆံရေးသည် စီးပွားရေးကဏ္ဍများပေါ်တွင် အခြေပြုထားကြောင်း ပြောခွင့်ရသူ ဆူဂါကပြောသည်။ အာဘေးနှင့် ပူတင်တို့သည် ပင်လယ်နက်ဆိုချီကမ်းခြေ၌ နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်သည်။
**(ရိုက်တာ)**

## ၂၀၁၆ ခုနှစ်တွင် ရီယိုဒီဂျနေရိုး၌ ရဲအရာရှိ ၇၀ သေဆုံး

**ရီယိုဒီဂျနေရိုး ဩဂုတ် ၃၀**

ဘရာဇီးနိုင်ငံ အိုလံပစ်အားကစားပြိုင်ပွဲများကျင်းပရာ ရီယိုဒီဂျနေရိုး၌ ၂၀၁၆ ခုနှစ်အတွင်း သေဆုံးသူရဲအရာရှိပေါင်း ၇၀ အထိရှိကြောင်း ပြည်တွင်းရုပ်မြင်သံကြားထုတ်လွှင့်မှုအရ သိရသည်။

နောက်ဆုံးသေဆုံးသူ ရဲအရာရှိတစ်ဦးမှာ စနေနေ့ညက ဘရာဇီးနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ဆင်ခြေဖုံးရပ်ကွက်၌ ကားခိုးမှုကိုစုံစမ်းစဉ် ပစ်သတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါ သေဆုံးသူ ၇၀ တွင် အမျိုးသားတပ်ဖွဲ့မှ တစ်ဦးလည်းပါဝင်ကြောင်း သိရသည်။ ၄င်းမှာအိုလံပစ်ပြိုင်ပွဲကျင်းပစဉ်အတွင်း မြို့တော်မြောက်ပိုင်းရှိ လေဆိပ်တစ်ခု၌ မတော်တဆမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

ထို့ပြင် မူးယစ်ဂိုဏ်းများကို ပစ်ခတ်ဖမ်းဆီးစဉ်အတွင်း ထိခိုက်ဒဏ်ရာရသူရဲအရာရှိအရေအတွက်မှာ ၂၉၃ ဦးအထိရှိလာပြီဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။
**(ဆင်ဟွာ)**

## ဂျပန်အရှေ့မြောက်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**တိုကျို ဩဂုတ် ၃၀**

အင်္ဂါနေ့က ဂျပန်နိုင်ငံမြောက်ပိုင်းဒေသသို့ အင်အားကောင်းတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းမှာ တစ်နာရီလေတိုက်နှုန်း ၁၂၀ ကီလိုမီတာခန့်ရှိကြောင်း မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာထားသည်။

မုန်တိုင်းမှာ အီရှီနိုမာကီမြို့ အရှေ့တောင်ဘက် ၇၀ ကီလိုမီတာခန့်ရှိ မီယာဂီစီရင်စု၌ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီကီလိုမီတာ ၄၀ နှုန်းနှင့် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားသွားကြောင်း သိရသည်။

မိုးလေဝသဌာနမှ ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် မိုးရေချိန်တစ်နာရီလျှင် ၈၀ မီလီမီတာအထိ ရွာသွန်းနိုင်ပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးကြေညာထားပြီး တိုဟိုကုဒေသ၌ အင်္ဂါနေ့ညနေပိုင်းတွင် မိုးရေချိန်မှာ ၂၅၀ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။
**(အင်န်အိတ်ချ်ကေ)**



## အမေရိကန်နှင့် အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နယူးဒေလီ ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် စီးပွားရေးဝန်ကြီး ပန်နီပရစ်ဇ်ကာတို့သည် အင်္ဂါနေ့က အိန္ဒိယအစိုးရနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး နှစ်ရက်တာဆွေးနွေးပွဲကိုစတင်ခဲ့ပြီး ကတ်ရှ်မီးယားဒေသနှင့်ပတ်သက်၍ ပါကစ္စတန်နှင့် ဆွေးနွေးပွဲများပြုလုပ်ရန် တွန်းအားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကယ်ရီသည် နယူးဒေလီသို့ တနင်္လာနေ့ညက အမေရိကန်- အိန္ဒိယမဟာဗျူဟာမြောက် နှစ်ပတ်လည်နေ့အတွက်ရောက်ရှိခဲ့ပြီး ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အိန္ဒိယအုပ်ချုပ်သော ကတ်ရှ်မီးယားဒေသရှိအခြေအနေနှင့် အာဖဂန်နစ္စတန်အရေးကို အင်္ဂါနေ့တွင် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ အာဂျစ်ဒိုဗယ်နှင့် ဆွေးနွေးသွားမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့်လည်းတွေ့ဆုံသွားမည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။

ထိုသို့ဆွေးနွေးချိန်အတွင်း ကယ်ရီအနေဖြင့် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအတွက် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားရန်တိုက်တွန်းသွားလိမ့်မည်ဖြစ်ကြောင်း ထိပ်တန်းအရာရှိက ပြောသည်။ **(ရိုက်တာ)**

## ကာဇက်စတန်ရှိ တရုတ်သံရုံး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း ဩဂုတ် ၃၀**

အင်္ဂါနေ့က ကာဇက်စတန်မြို့တော် ဘိရှပ်ရှိ တရုတ်သံရုံးဝင်ပေါက်၌ အသေခံဗုံးခွဲသမားတစ်ဦးက ဂိတ်တံခါးကို ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာကပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရသူတစ်ဦးက သံရုံးဝင်းအတွင်း၌ ကားတစ်စီးပေါက်ကွဲခဲ့ကြောင်း၊ ယင်းအပြုအမူမှာ အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် Janysh Razakov ၏ ပြောဆိုမှုကို ကိုးကားပြောခဲ့သည်။

ရဲများနှင့်လုံခြုံရေးဝန်ထမ်းများက အခင်းဖြစ်ပွားရာနေရာ၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ကာဇက်စတန်ရှိ အာဏာပိုင်များက အဆိုပါလုပ်ရပ်မှာ အာရှတိုက်အလယ်ပိုင်းရှိ အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်မှုရှိနိုင်ကြောင်း စွပ်စွဲပြောဆိုနေကြသည်။

**(ရိုက်တာ)**



## ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လကွယ်နေ့တွင် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)ဥပုသ်သီလ ချီးမြှင့်မည်

**ရန်ကုန် သြဂုတ် ၃၀**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများက ဝါတွင်းဥပုသ်နေ့တိုင်း နံနက် ၉ နာရီခွဲတွင် စေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဥပုသ်သီလတရားတော်များကို ဟောကြားချီးမြှင့်တော်မူလျက်ရှိသည်။

ဝါခေါင်လကွယ် (စက်တင်ဘာ ၁ ရက်)နေ့တွင် စေတီတော်သြဝါဒါစရိယ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်)က ဥပုသ်သီလတရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ရာ ဘုရားဖူးလာပြည်သူများ ကြွရောက်ကြည်ညို ဥပုသ်သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။

**ကိုချစ်**

### ✻ *ကျောဖုံးမှ*

အဆိုပါ လူထုချီတက်ထောက်ခံပွဲကို ကုန်သည်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်မှ စတင်ထွက်ခွာလာရာ ယင်းမှတစ်ဆင့် မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေစေတီတော်ဆီ ဦးတည်ချီတက်လာပြီး မြို့တော်ခန်းမရှေ့ရင်ပြင်တွင် အဆုံးသတ်ကာ အစီအစဉ်များအတိုင်း ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ဟောပြောမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းလူထု ချီတက်ထောက်ခံပွဲတွင် "တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့ဆိုရင် သူမနာ ကိုယ်မနာ လမ်းစဉ်က အကောင်းဆုံးပဲ" ဟူသော စာတန်းပါ သခင်ကိုယ်တော်မှိုင်း၏ ဆိုင်းဘုတ်၊ ငြိမ်းချမ်းရေးဗိသုကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ဆိုင်းဘုတ်နှင့် "ပြည်ထောင်စုကို ထူထောင်ကြမယ်ဆိုရင် ဘာရမလဲဆိုတာထက် ဘာပေးရမလဲဆိုတာကို အခြေခံပြီးစဉ်းစား ရလိမ့်မယ်" ဟူသော စာတန်းပါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဆိုင်းဘုတ်ကြီးများကို ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ချီတက်ခဲ့ကြသည်။

"(၂၁) ရာစုပင်လုံညီလာခံကြီးအား ထောက်ခံကြ၊ ဝိုင်းရံ ကြ"၊ "စစ်ပွဲတွေ ချက်ချင်း ရပ်-ချက်ချင်းရပ်"၊ "တန်းတူအခွင့် အရေးဆောင်ရွက်ပေး၊ ဆောင်ရွက်ပေး" ဟူသော ကြွေးကြော်သံများ သံပြိုင်ရွတ်ဆို၍ ချီတက်ထောက်ခံခဲ့ကြသည်။

အဆိုပါ ချီတက်ထောက်ခံပွဲတွင် ငြိမ်းချမ်းရေးတက်ကြွ လှုပ်ရှားသူ ဦးမိုးသူက "အစိုးရသစ်ရဲ့အပြောင်းအလဲတွေထဲမှာ ဒီအပြောင်းအလဲက အကြီးမားဆုံးပြောင်းလဲမှုတစ်ခု ဖြစ်လာပါလိမ့်မယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ကျွန်တော်တို့နိုင်ငံအတွက်တော့ အရေးအကြီးဆုံးပါပဲ။ ဒါကြောင့် ဒီညီလာခံကြီးကို လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ထောက်ခံအားပေးနေကြတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အလားတူ ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက် လုပ်ငန်းကော်မတီဖော်ဆောင်ရေးတာဝန်ခံ ကိုမြတ်ကျော်က "ကျွန်တော်တို့အနေနဲ့ မျက်လုံးစုံမှိတ်ပြီး မျက်ကန်းထောက်ခံနေခြင်းမဟုတ်ပါဘူး။ ပြည်သူလူထုက တိုင်းပြည်အမှန်တကယ် ငြိမ်းချမ်းစေချင်လှပါပြီ။ ရာစုနှစ်ဝက်ကျော် သွေးမတိတ်တဲ့အနာ ပြည်တွင်းစစ်ကြီး ရပ်စဲစေချင်လှပါပြီ။ ဒီအတွက် ပြည်သူအားလုံးနဲ့အတူ လှိုက်လှိုက်လှဲလှဲကြီးကို ထောက်ခံကြိုဆိုတာပါ" ဟု ပြောကြားသည်။ ထောက်ခံပွဲတွင် ကြည့်ရှုသူများအပါအဝင် လူပေါင်းတစ်ထောင်ခန့်ရှိသည်။

လူထုချီတက်ထောက်ခံပွဲ ချီတက်လာကြသူများသည် မြို့တော်ခန်းမရှေ့၌ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ မြန်မာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့သော၊ ကြိုးပမ်းဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များအား ဂုဏ်ပြုဦးညွှတ်၍ တစ်မိနစ်ငြိမ်သက်ခြင်း၊ ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်၏ (၂၁) ရာစု ပင်လုံညီလာခံအား ကြိုဆိုထောက်ခံသည့်ကြေညာချက်အား ဖတ်ကြားခြင်း၊ ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်မှ ဦးဆောင် ကော်မတီဝင် ဦးသိန်းကြည်(ခေါ်)ကဗျာဆရာ သူရဇ္ဈာန်က ငြိမ်းချမ်းရေးကဗျာဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေးစကားများ ဟောပြောခြင်းတို့ဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

**နေပြည်တော် သြဂုတ် ၃၀**

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၁ ပေခန့်မှ ၂၀ ဒသမ ၅၃ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးနေထိုင်ကြသော လုပ်သားပြည်သူများအား သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

**(မြန်မာ့အလင်း)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ယာဉ်များအား စက်တင်ဘာ ၁ ရက်မှစ၍ အရေးယူဆောင်ရွက်တော့မည်

**နေပြည်တော် သြဂုတ် ၃၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ယာဉ်များကို တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ အမြန်လမ်းဥပဒေများဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ ပညာပေးကာလက ကုန်သွားပါပြီ၊ အခု စက်တင်ဘာ ၁ ရက်ကစပြီး အမြန်နှုန်းပိုမောင်းတဲ့ ယာဉ်တွေကို ဖမ်းဆီးအရေးယူတော့မှာပါ။ ပညာပေးကာလမှာ ဝန်ခံကတိထိုးတာက လွဲပြီး ကျန်တာ ဘာမှ အရေးမယူပါဘူး၊ ခုတော့ ဥပဒေအရ ထိထိရောက်ရောက် အရေးယူတော့မှာပါ" ဟု အမြန်လမ်းရဲတပ်ဖွဲ့ ရဲမှူးက ပြောကြားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ဖြတ်သန်းမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များ ယာဉ်မတော်တဆမှုကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ၁ နာရီ ကီလိုမီတာ ၁၀၀၊ မိုင် ၆၀ နှုန်းထက် ပိုမိုမောင်းနှင်သည့်ယာဉ်များအား အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အရှိန်နှုန်းတိုင်းကိရိယာများဖြင့် အသုံးပြုတိုင်းတာစစ်ဆေးအရေးယူဆောင်ရွက်ခြင်း၊ ပညာပေးခံဝန်ကတိထိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ သြဂုတ် ၂၉ ရက်အထိ EXPRESS ယာဉ် ၁၀ စီး၊ သတ်မှတ်ကုန်စည်တင်ယာဉ် ၁၈ စီးနှင့် ကိုယ်ပိုင်ယာဉ်ငယ် ၁၂၈၅ စီးတို့အား ပညာပေးစစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ စတင်၍ဥပဒေအရ ဖမ်းဆီးအရေးယူတော့မည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ရိုးရာလက်ဝှေ့ပြိုင်ပွဲ(ဂ)အဆင့် ၇၅ ကီလိုတန်းတွင် မဲကြီး(မန္တလေး) က ဟင်နရီ (ကယားပြည်နယ်)ကို အလဲထိုးဖြင့်နိုင်

**ရန်ကုန် သြဂုတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်ကာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ လူသစ်တန်းနှင့် (ဂ) အဆင့် ဗိုလ်လုပွဲများကို သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ယနေ့မွန်းလွဲ ၂ နာရီကကျင်းပရာ (ဂ) အဆင့် ၇၅ ကီလိုတန်းတွင် မဲကြီး (မန္တလေး)က ဟင်နရီ(ကယားပြည်နယ်)ကို ပထမအချီ ၁ မိနစ် ၈ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ရရှိကာ ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသွားသည်။

ယနေ့ ပထမဆုရွှေတံဆိပ်လုပွဲတွင် လူသစ်တန်းကိုးပွဲ၊ (ဂ)အဆင့် ခုနစ်ပွဲ စုစုပေါင်းတွဲဆိုင်း ၁၇ ဆိုင်း ယှဉ်ပြိုင် ဗိုလ်လုခဲ့ကြသည်။ လူသစ်တန်းပြိုင်ပွဲများတွင် ၄၈ ကီလိုတန်း၌ လှိုင်းထက်အောင် (ကရင်ပြည်နယ်)နှင့် ကိုသက် (တနင်္သာရီ) တို့ပွဲတွင် လှိုင်းထက်အောင်က အမှတ်ဖြင့် လည်းကောင်း၊ ၅၁ ကီလိုတန်းပြိုင်ပွဲ၌ အာကာမင်း(မန္တလေး)နှင့် လင်းထက်အောင်(ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ရာတွင် အာကာမင်းက အမှတ်ဖြင့် လည်းကောင်း၊ ၅၄ ကီလိုတန်းပွဲတွင် ရွှေကျောင်းသား(မွန်ပြည်နယ်)နှင့် ထူးနေသူ(ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ရာ ထူးနေသူက အမှတ်ဖြင့် လည်းကောင်း၊ (၅၇) ကီလိုတန်းပြိုင်ပွဲတွင် လည်း ဇော်ဝင်းထိုက် (တနင်္သာရီ) နှင့် သူထက်အောင်(ကရင်ပြည်နယ်)တို့ ယှဉ်ပြိုင်ရာ သူထက်အောင်က အမှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရကာ ရွှေတံဆိပ်ဆုများ ပိုင်ဆိုင်ခွင့်ရခဲ့သည်။ တစ်ဖန် လူသစ် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ဆလိုင်းချမ်းမြေ့ကို(ရန်ကုန်)နှင့် ငမန်းရိုင်း (မွန်ပြည်နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂ မိနစ် ၂၅ စက္ကန့်မှာပင် ဆလိုင်းချမ်းမြေ့ကိုက လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ပြီး ၆၃ ဒသမ ၅ ကီလိုတန်းတွင် သန့်ဇင်ထွန်း (ကရင်ပြည်နယ်)နှင့် ဆောင်းကိုဦး(တနင်္သာရီ) တို့ပွဲ၌ ဆောင်းကိုဦးက ဒုတိယအချီ ၁ မိနစ် ၁၉ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရကာ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် စိန်မျိုးအောင် (ကရင်ပြည်နယ်)နှင့် ထက်လင်း(ရန်ကုန်)တို့ ယှဉ်ပြိုင်ကစားရာ ပထမအချီ ၁ မိနစ် ၂၅ စက္ကန့်မှာ ပင် စိန်မျိုးအောင်က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် မင်းမင်းအောင်(ကရင်ပြည်နယ်)နှင့် ထွန်းလင်းခန့်(စစ်ကိုင်း)တို့ယှဉ်ပြိုင်ရာ သုံးချီပြည့်သည်အထိ အလဲထိုးယှဉ်ပြိုင် ထိုးသတ်နိုင်ခြင်းမရှိ၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ ထွန်းလင်းခန့်က အနိုင်ရခဲ့သည်။

ဆက်လက်ပြီး (ဂ)အဆင့် ဗိုလ်လုပွဲများကိုယှဉ်ပြိုင်ရာ ၄၈ ကီလိုတန်းတွင် မိုးထက်အောင်(ရန်ကုန်)နှင့် သိန်းနိုင်ထွန်း (မန္တလေး) တို့ပွဲ၌ ဒုတိယအချီ ၃၇ စက္ကန့်တွင် သိန်းနိုင်ထွန်းက အလဲထိုးဖြင့်လည်းကောင်း၊ ၅၁ ကီလိုတန်း မိုးလေး (စစ်ကိုင်း)နှင့် ထွန်းမင်းနိုင်(မွန်ပြည်နယ်) တို့ပွဲတွင် ထွန်းမင်းနိုင်က အမှတ်ဖြင့် လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ကော့ကယ်(ကရင်)နှင့် မောင်ဇော်(ပဲခူး) တို့ယှဉ်ပြိုင်ရာ အမှတ်ဖြင့်ဆုံးဖြတ်ရာ၌ ထိုးလိုက်၊ ကြမ်းပြင်မှောက်လိုက်လုပ်နေသည့် ကော့ကယ်ကိုအနိုင်ပေးခဲ့၍ ပွဲကြည့်ပရိသတ်များက ဒိုင်များကို ဝေဖန်ပြောဆိုခဲ့ကြသလို ကရင်ဘက်မှ လက်ထောက်နည်းပြတစ်ဦးကလည်း ပဲခူးနဲ့ဆို ခံရလည်း နိုင်တယ်၊ ရန်ကုန်နဲ့ဆိုရင်သာရှုံးမှာဟု ပြောဆိုသည်ကိုကြားခဲ့ရသည်။ တစ်ဖန်ပရိသတ်တစ်ဦးကလည်း ကရင်ဆိုတာနဲ့ ဒိုင်တွေက အနိုင်ပေးဖို့ပဲဟု ဝေဖန်ပြောဆိုသံကို ကြားသိခဲ့ရသည်။ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဟိန်းဟိန်း(မွန်ပြည်နယ်)နှင့် ဒိုးလေး(ရန်ကုန်)တို့ ယှဉ်ပြိုင်ရာ ပထမအချီ ၃၂ စက္ကန့်တွင်ပင် ဒိုးလေးအလဲထိုးဖြင့်နိုင်ခဲ့ပြီး ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ထက်အောင်(ကရင်ပြည်နယ်)နှင့် ဇွဲရွှေကို(မွန်ပြည်နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဇွဲရွှေကိုက ပထမအချီ ၂ မိနစ် ၄၁ စက္ကန့်တွင် ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းခဲ့ကာ ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ရန်နိုင်ထွန်း (ကရင်ပြည်နယ်)က ကောင်းထက်(မွန်ပြည်နယ်)ကိုပထမအချီ ၂ မိနစ် ၁၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် မင်းထက်အောင် (ရန်ကုန်)က အောင်သူဟိန်း (ကရင်ပြည်နယ်)ကို ပထမအချီ ၁၀ စက္ကန့်မှာပင် ညာခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ကာ ရွှေတံဆိပ်ဆုကို သက်သောင့်သက်သာ ပိုင်ဆိုင်ခွင့်ရရှိခဲ့သည်။



ရန်နိုင်ထွန်း(ကရင်ပြည်နယ်)နှင့် ကောင်းထက်(မွန်ပြည်နယ်) တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့(ခ) အဆင့်နှင့် (က) အဆင့် ဗိုလ်လုပွဲများကို ယနေ့ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ၂၀၁၆ မြန်မာ့ရိုးရာလက်ဝှေ့ဒိုင်းဆုကြီးကို ဘယ်အသင်းက ရရှိသွားမလဲဆိုတာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျူရှူးတက္ကသိုလ်(ဂျပန်)တို့ နားလည်မှုစာချွန်လွှာရေးထိုး

**နေပြည်တော် ဩဂုတ် ၃၀**

ကမ္ဘာ့စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာစေရန် ရည်ရွယ်၍ ကျူရှူးတက္ကသိုလ် (ဂျပန်)နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာရေးထိုးပွဲကို ဩဂုတ်လစတုတ္ထပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ကျူရှူးတက္ကသိုလ် စိုက်ပျိုးရေးမဟာဌာနမှူးပါမောက္ခ Kasuaki Hiramatsu တို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ခေတ်နှင့်အညီ တိုးတက်နေသော ကမ္ဘာ့စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာမှုနှင့်အတူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ သုတေသနနည်းပညာများ တိုးတက်လာစေရန် ဂျပန်နိုင်ငံရှိ ကျူရှူးတက္ကသိုလ်နှင့် အတူပူးပေါင်း၍ အစားအစာနည်းပညာ၊ ဇီဝအရင်းအမြစ်နည်းပညာ၊ စိုက်ပျိုးရေးပတ်ဝန်းကျင်ဆိုင်ရာနည်းပညာ၊ ဇီဝနည်းပညာများကို သင်ကြားရေးနှင့် သုတေသနဆိုင်ရာများ အပြန်အလှန်ပူးပေါင်း၍ ကမ္ဘာ့အဆင့်အတန်းမီ စိုက်ပျိုးရေးတက္ကသိုလ်ကြီးဖြစ်ပေါ်လာစေရန်အတွက် ယခုလိုနားလည်မှုစာချွန်လွှာရေးထိုးရခြင်းဖြစ်ကြောင်း ဒေါက်တာမျိုးကြွယ်က ပြောသည်။

**မေမိုးသဲ**



# သဘာဝဘေးများကျရောက်ခဲ့လျှင် ဆက်သွယ်နိုင်မည့် အဖွဲ့အစည်းများနှင့် ဖုန်းနံပါတ်များ လိုအပ်နေ

**နေပြည်တော် ဩဂုတ် ၃၀**

ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၄ မိနစ်တွင် ချောက်မြို့၏ ၁၂ မိုင် အကွာ၊ မကွေးမြို့နှင့် ၉၈ ကီလိုမီတာအကွာ တောင်ဘက်ဗဟိုပြု အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းလှုပ်ခတ်ခဲ့ခြင်းကြောင့် နေပြည်တော်အပါအဝင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံအနှံ့အပြားတွင် လှုပ်ခတ်ခံစားခဲ့ရပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင် စေတီပုထိုးများ၊ အဆောက်အအုံများ ပျက်စီးခဲ့ကာ လူအချို့သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည့်သတင်းကို နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် Online များပေါ်တွင် ဖတ်ရှုသိရှိခဲ့ရပြီးနောက် နေပြည်တော်တိုက်ခန်းများတွင်နေထိုင်သည့်ဝန်ထမ်းများအဖို့ စိုးရိမ်ထိတ်လန့်မှုများရှိနေခဲ့ကြောင်း သိရသည်။

ယခုအခါတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သည် နိုင်ငံ့ဝန်ထမ်းများ အများအပြားနေထိုင်သည့်အထပ်ပေါင်းလေးထပ်တိုက်ခန်းများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိရာ ဩဂုတ် ၂၄ ရက် ညနေက လှုပ်ခတ်ခဲ့သည့်အင်အားပြင်းလှုပ်ဒဏ်ကြောင့် နေအိမ်တိုက်ခန်းနံရံများ အနည်းငယ်အက်ခြင်း၊ ရပ်ကွက်ဓမ္မာရုံအချို့ မျက်နှာကြက်ပလာစတာကော်နက်များ ကွဲအက်ပြုတ်ကျခြင်းများ ရှိခဲ့သည်။

ယင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ ရုတ်တရက်ကျရောက်ခဲ့ပါက ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအနေဖြင့် မည်သည့်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ ဖုန်းနံပါတ်များသို့ဆောလျင်စွာ အကူအညီတောင်းခံနိုင်ရန်နှင့် မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း သတင်းသမားများထံသို့ မေးမြန်းလာကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# မြောက်ဦးမြို့၌ ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးသစ်ဖွင့်လှစ်

**မြောက်ဦး ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်သည် နှစ်စဉ်သဘာဝဘေးဒဏ်ခံစားနေရသော ပြည်နယ်တစ်ခုဖြစ်သလို မြောက်ဦးခရိုင်အတွင်းရှိ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်များသည်လည်း သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်နှစ်တိုင်းခံစားနေကြရကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်သူများနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်သူများ၏ ဆန္ဒသဘောထား၊ ပြည်သူများ၏တောင်းဆိုချက် ပြည်သူများကို အနီးကပ်ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အာရ်စီနှစ်ထပ်အဆောက်အအုံကို တည်ဆောက်ပေးခဲ့သည်။

သို့ဖြစ်၍ မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရုံးဆောင်သစ်ဖွင့်ပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပရာ ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



**ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးဦးစီးသော ဒုတိယရဲမှူးဇော်ဝင်း(ကြီးကြပ်)နှင့် တပ်ဖွဲ့ဝင် များသည် ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီက လင်းခေးမြို့ မဟာဝိဟာရ ကျောင်းကြီးကျောင်း အသစ်တည်ဆောက်မည့် မြေနေရာတွင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြစဉ်။**
စိုင်းဇော်လတ်

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစုပေါင်းဆောင်ရွက်

**ကလေး ဩဂုတ် ၃၀**

ကလေးမြို့ စမ်းမြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် ရောဂါဖြစ်စဉ်များ ကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနမှ ဒေါက်တာစိုးမိုးထွေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းအရာများ ဆွေးနွေးဟောပြောပြီး တာဟန်းရပ်ကွက်နှင့် စမ်းမြို့ရပ်ကွက်ရှိ နေအိမ်များသို့ ကျန်းမာရေးဌာနမှ တစ်ရပ်ကွက်လျှင် အဖွဲ့သုံးဖွဲ့စီခွဲ၍ ခြင်ဆေးဖြန်းခြင်းလုပ်ငန်းများနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**



# အသိပညာပေး သတင်းတိုထွာ

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရဲနှင့်ပြည်သူလက်တွဲ၍ ဝန်ဆောင်မှုကို ရှေးရှုသောလုပ်ငန်းများ ရှင်းလင်းခြင်းကို ဩဂုတ်လနောက်ဆုံးပတ်က ညောင်တုန်းမြို့နယ် မဲဇလီဒလကျေးရွာအုပ်စုရှိ အ.ထ.က(မဲဇလီ)ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဲဇလီနယ်မြေရဲစခန်းမှူး ရဲအုပ်တင်မောင်ရွှေ၊ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စိုးမိုးတို့က မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း နားလည်သဘောပေါက်ရေး၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (အ.လ.က. ၆) တွင် ဩဂုတ်လစတုတ္ထပတ်က ပြည်နယ် ရဲတပ်ဖွဲ့ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ရွှေ့လျားစာကြည့်တိုက်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အောင်မျိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

**ထားဝယ်**

ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း( မြန်မာ ) မှ မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သာဂရမြို့ဟောင်းရွာ ရှင်ဇလွန်ဘုရားအရှေ့ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်စန်းရီက အမှာစကားပြောကြားပြီး ထားဝယ်မူးယစ်တပ်ဖွဲ့ခွဲမှူး( ၃၃ ) ဒုတိယရဲမှူး မြင့်လွင်က မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ဟာသလူရွှင်တော်ချစ်ချောက မူးယစ်ဆေးဝါးအကြောင်းနှင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးမသုံးစွဲမိစေရေးအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

**ရေစကြို**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုရဲလုပ်ငန်း မှုခင်းအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက်က ရေစကြိုမြို့ ဖူလုံအထက၌ ပြုလုပ်သည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးဖေသိန်းက အမှာစကားပြောကြားပြီး မြို့မရဲစခန်း စခန်းမှူးဒုတိယရဲမှူး အောင်ချိုဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၏ပြောင်းလဲလာသော ပြည်သူ့ဝန်ဆောင်မှု ရဲလုပ်ငန်းအကြောင်း၊ မှုခင်းအသိပညာပေးခြင်းအကြောင်း၊ လူကုန်ကူး တားဆီးရေးအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်တားဆီးနှိမ်နင်းရေးအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းများနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ပရိုဂျက်တာဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မှုခင်းကျဆင်းရေး လှည့်ကင်းများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးခရိုင်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုယက်မှုများ လျော့နည်းကျဆင်းရေး ဆောင်ရွက်မှုအနေဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်း၏ ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များစုပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၁၀ နာရီမှစတင်၍ လှည့်ကင်းများ၊ ရပ်ကင်းများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ရပ်ကင်းဆောင်ရွက်မှုအဖြစ် မဟာအောင်မြေမြို့နယ် ၇၃ လမ်းနှင့် ၃၇ လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ် ၅၇ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ် ၅၈ လမ်းနှင့် မင်းကြီးရန်နောင်လမ်းထောင့် စသည့်အချက်အချာကျသည့် စည်ကားရာနေရာများတွင် ခရီးသွားယာဉ်များ၊ ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်ပြီး ဆိုင်ကယ်ဦးထုပ်မဆောင်းသူများကို အန္တရာယ်မှ ကာကွယ်မှုပြုနိုင်ရန် ပညာပေးလမ်းညွှန်မှုများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဘုန်းကြီးစခန်းကျေးရွာ ရွှေမြင့်မိုရ်စာကြည့်တိုက်ဖွင့်

**ဟိုပင် ဩဂုတ် ၃၀**

ကျေးလက်နေပြည်သူများ စာပေကိုလွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရေးနှင့် စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရေးအတွက် နိုင်ငံတော်မတည်ငွေကျပ်သိန်း ၂၀နှင့် ဒေသခံအလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၃၉၇၂၇၅၅ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ဟိုပင်မြို့ ရွာသစ်ကျေးရွာအုပ်စု ဘုန်းကြီးစခန်းကျေးရွာ၌ ရွှေမြင့်မိုရ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲကကျင်းပခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် သုတ/ရသ စာအုပ်ပေါင်း ၆၀၀ နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပေးအပ်ကြရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြပြီး အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်/ဆက်မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



လျှင်လှုပ်ခတ်မှုကြောင့် ရေစကြို မြို့နယ် အတွင်း ဘုရား ၊ ပုထိုး ၊ စေတီ၊ ထီးတော်၊ စိန်ဖူးတော်မြေခပျက်စီးခဲ့သော ကျေးရွာများအနက် ခင်မွန်ကျေးရွာ ဆုထူးပန်ဘုရားလေးဆူ ဘုရားကုန်းတော်ပေါ် သန့်ရှင်းရေး လုပ်ငန်းများကို ဩဂုတ်လစတုတ္ထပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေ၏ စီစဉ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြစဉ်။

ဖေထွဏ်းဇော်(ရေစကြို)

## မန်ကန်၌ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း ဟောပြော

**မန်ကန် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မန်ကန်မြို့နယ် ငှက်ကာအုပ်စု မန်ပန်ကျေးရွာရှိ အ-မ-ကကျောင်း၌ ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာချိုက လတ်တလော ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနေမှုများနှင့် ရောဂါဖြစ်ပွားရခြင်း အကြောင်းအရာများ၊ ရောဂါဖြစ်ပွားမှုလက္ခဏာများနှင့် ရောဂါနှင့်ပတ်သက်၍ ရှောင်ရန်အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့တွင်ဖွင့်လှစ်သည့် ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၃/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လစတုတ္ထပတ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနား၌ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက သင်တန်းဆင်းမိန့်ခွန်းကို ပြောကြားခဲ့ပြီး ထူးချွန်ဆုရရှိသူတို့အား ဆုများပေးအပ်၍ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းသားများမှ ဖမ်းဆီးနည်း များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ဆယ်မိုင်ဆည်ရေတံခွန်သည် အပန်းဖြေစရာနေရာတစ်ခုဖြစ်လာနိုင်

**မိုးညှင်း ဩဂုတ် ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ နန့်ရင်းချောင်း ဆယ်မိုင်ဆည်ရေတံခွန်သည် နေ့စဉ်စည်ကားလျက်ရှိသည်။

အဆိုပါရေတံခွန်ဆည်မှာ အမြင့် ၅ ပေခွဲ၊ အရှည်ပေ ၂၀၀ ခန့်ရှိပြီး အောက်ခြေရေတံခွန်မှာ အမြင့် ၁၀ ပေ၊ ရေအနက် ၁၀ ပေနှင့် ရေပြင်အကျယ် ပေ ၄၀ ခန့် ကျယ်ဝန်းသဖြင့် အပန်းဖြေလေ့လာသူများအတွက် အကြိုက်တွေ့စေနိုင်ပြီး ဆွဲဆောင်မှုရှိသဖြင့် နေ့စဉ်အထူးစည်ကားလျက်ရှိသည်။

အထူးသဖြင့် စနေ၊ တနင်္ဂနွေ အဖိတ်ဥပုသ်ရက်များ၌ အထူးစည်ကားလျက်ရှိသည်။ “ဒီနေ့ကနေသာတယ်လေ။ မိုးရိပ်ကလည်းမရှိ။ ပွင့်ပွင့်လင်းလင်းရှိတာကြောင့် နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ လူဦးရေ ၇၀၀ ကျော်လာလည်ကြတယ်။ ဧည့်သည်တွေကတော့ အစုံပါပဲ။ ကျောင်းပိတ်ရက်ဖြစ်လို့ သိပ်စည်ကားလှပါတယ်။ အရင်က ဒီနေရာမှာ ဈေးဆိုင်မရှိဘူး။ အပန်းဖြေစရာမရှိခဲ့ဘူး အခုတော့ အကုန်ရှိနေပါပြီ” ဟု ဈေးသည်တစ်ဦးက ပြောပြသည်။

ယင်းဆည်ကြီးအား RC ကွန်ကရစ်၊ ကျောက်စီကွန်ကရစ်အဖြစ် အသစ်ပြန်လည်ပြုပြင်ပါက ဆယ်မိုင်ရွာသစ်ဒေသ၏ စပါးစိုက်ဧက ၁၀၀၀ ခန့်တို့ကို ကောင်းစွာအကျိုးပြုဖြစ်ထွန်းနိုင်သလို ပြည်နယ်၏ ဒေသန္တရအပန်းဖြေသွားလာရာနေရာဒေသတစ်ခုလည်း အမှန်တကယ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်ဖြစ် ကြောင်း သိရသည်။ **နီတိုး**



## မျိုးစေ့ထုတ်တောင်သူများသို့ ဓာတ်မြေဩဇာပေးအပ်

**ပခုက္ကူ ဩဂုတ် ၃၀**

ပခုက္ကူမြို့နယ်တွင် ကြီးရွာလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးများစိုက်ပျိုးလျက်ရှိပြီး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် အကျိုးဆောင်တောင်သူ ၁၉ ဦးဖြင့် ဆင်းသုခမျိုးစေ့ထုတ်စပါးစိုက်ခင်းဧက ၅၀ စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ မျိုးစေ့ထုတ်စိုက်ကွင်းဧက ၅၀ အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ထုတ်စပါးစိုက်ခင်း တစ်ဧကလျှင် ယူရီးယားမြေဩဇာ(ပန်းဖူး) တစ်အိတ်နှုန်းဖြင့် ယူရီးယားအိတ် ၅၀ ထောက်ပံ့ပေးအပ်ပွဲကို ရွှေတန့်တစ်ကျေးရွာ ကွင်းအမှတ် (၁၁၄)ဦးပိုင် အမှတ် (၁၈) တောင်သူဦးမိုးကျော်၏ ဆင်းသုခမျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ၆ ဧကတွင် ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့သည်။ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မော်မော်ဝင်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မီမီချိုနှင့် တာဝန်ရှိသူများက မျိုးစေ့ ထုတ်တောင်သူ ၁၉ ဦးထံ ဓာတ်မြေဩဇာအိတ်များနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် စိန်တလုံးသရက် ကိုင်းဆက်ပျိုးပင်များ၊ ကီလိုမာလကာပျိုးပင်များကို ပေးအပ်ခဲ့ ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## အလှကုန်ဆိုင်ရာအသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ လုပ်ပိုင်ခွင့်အရ အလှကုန်ပစ္စည်းဆိုင်ရာအမိန့် (၁/၂၀၁၀) ကို ၂၀၁၀ပြည့်နှစ်၊ အောက်တိုဘာလ(၁၅)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါအမိန့်အရပြည်တွင်း၌ ဈေးကွက်တင်ရောင်းချသော အလှကုန်ပစ္စည်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်လက်မှတ်လျှောက်ထားရမည်ဟု ပါရှိပြီးဖြစ်သော်လည်း ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းအချို့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသေးပါ။

၃။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အလှကုန်ပစ္စည်း ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါ၍ အလှကုန်ပစ္စည်း ဈေးကွက်တင်ရောင်းချသော လုပ်ငန်းရှင်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၁/၂၀၁၀)ကို လိုက်နာကျင့်သုံးရန် အထူးလိုအပ်ပါသည်။

၄။ အမိန့်အမှတ်(၁/၂၀၁၀)ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့မှ တောင်သူများထံသို့ သီးနှံလျော်ကြေးငွေများပေးအပ်

**ဝါးခယ်မ ဩဂုတ် ၃၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE)ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး၊ ဘူမိရူပဗေဒဌာန ဆိုက်စမစ် ရေနံရှာဖွေရေးအဖွဲ့(၁) နှင့် (၂) တို့မှ တောင်သူများထံသို့ သီးနှံလျော်ကြေးငွေပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေခယ်သီရိ အားကစားခန်းမ၌ ဩဂုတ် ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကား ပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်ထောက်အင်ဂျင်နီယာ (မြေတိုင်း) ဦးလှမျိုးရှိန်က ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ တုံးလဲချောင်းကျေးရွာအနီးနှင့် ကနစိုးကုန်းကျေးရွာအုပ်စု၌ ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့ (၁) နှင့် (၂) က ယာယီအခြေစိုက်စခန်းချ၍ PSC.P ဧရိယာတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် မေလအထိ ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုနှင့် လျော်ကြေးငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။




ထိုသို့ လုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် မလွှဲမရှောင်သာ ပျက်ဆီးခဲ့သော ကျေးရွာအုပ်စု ၆၀ မှ တောင်သူဦးရေ ၁၅၂၅ ဦး၏ သီးနှံစိုက်ခင်း ဧက ၁၀၂ ဒသမ ၂၁၁ ဧကအတွက် လျော်ကြေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်ထောက်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

## စဉ့်ကူးမြို့နယ်၌ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**စဉ့်ကူး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လစတုတ္ထပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် မြို့မိမြို့ဖကိုယ်စားလှယ်များ၊ ကျေးရွာတောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်တွင်ဖြစ်ပေါ်နေသော မြေယာကိစ္စရပ်များနှင့် ပတ်သက်၍ မြေယာဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဆွေဦးက လယ်ယာမြေဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းခြင်းနှင့် မြို့နယ်အတွင်း လယ်ယာမြေကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဝင်းမောင် (စဉ့်ကူး)**

# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဘယ်အသင်းတွေတက်ရောက်လာမလဲ

အာဖရိကဖလားဘောလုံးပြိုင်ပွဲရဲ့ ခြေစစ်ပွဲတွေကို စတင်ဘာ ၁ ရက်မှာ ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေနဲ့ လှုပ်ခတ်နေတဲ့ နိုင်ငံလက်ရွေးစင်အသင်းတွေထဲမှာ အာဖရိကဖလားပြိုင်ပွဲကလည်း ပြိုင်ပွဲဝင်အသင်းတွေအတွက်ကတော့ စိတ်လှုပ်ရှားစရာပါပဲ။ ကမ္ဘာ့ထိပ်တန်းကလပ်အသီးသီးမှာ အာဖရိကဘောလုံးသမားတွေ ခြေစွမ်းပြနေတာမို့ အခုအာဖရိကဖလားပြိုင်ပွဲဟာ ကမ္ဘာကျော်ဘောလုံးသမားတွေ အများအပြားပါဝင်ဆင်နွှဲကြမှာဖြစ်ပါတယ်။ ပရိသတ်တွေအတွက်တော့ စောင့်ကြည့်ချင်စရာကောင်းတဲ့ ပြိုင်ပွဲတစ်ခုဖြစ်နေပြန်ပါတယ်။ အုပ်စု ၁၃ စု ပါဝင်တဲ့ ဒီပြိုင်ပွဲဟာ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတွေအများအပြားပါဝင်မှာ အမှန်ပါပဲ။

**ဆီနီဂေါနှင့် နမီးဘီးယား**

အုပ်စု(K)မှာ ပါဝင်တဲ့ အသင်းတွေဖြစ်ပြီး ဒီအုပ်စုမှာ ဆီနီဂေါ၊ အူနန်ဒီ၊ နမီးဘီးယားနဲ့ နိုင်ဂျာအသင်းတွေပါဝင်နေပါတယ်။ နိုင်ဂျာ၊ ရဝမ်ဒါနဲ့ ဘူရန်ဒီအသင်းတွေကို ဆက်တိုက်နိုင်ပွဲရထားတဲ့ ဆီနီဂေါရဲ့ ခြေစွမ်းက တိုက်စစ်ရော၊ ခံစစ်ပါအကောင်းဆုံးအနေအထားရှိပါတယ်။ နမီးဘီးယားတို့ကလည်း ဘော့စ်ဝါနာ၊ မိုဇမ်ဘစ်နဲ့ ဇမ်ဘီယာအသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တာမို့ အခုပွဲမှာ ခြေစွမ်းတူညီနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဆီနီဂေါတို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲအိမ်ကွင်းမှာ ဆီနီဂေါတို့ပဲ အနိုင်ယူသွားပါလိမ့်မယ်။

**တူနီးရှားနှင့် လိုက်ဗေးရီးယား**

အုပ်စု(A)မှာ လိုက်ဗေးရီးယား၊ တူနီးရှား၊ တိုဂိုနဲ့ ဒီဘူတီအသင်းတွေပါဝင်နေပါတယ်။ ဒီအုပ်စုမှာ လိုက်ဘေးရီးယားတို့ ခြေအစွာဆုံးဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ဒီဘူတီအသင်းကို နှစ်ကျော့စလုံးနိုင်ကာ တိုဂိုကိုတော့ သရေပွဲဖြစ်ခဲ့ပါတယ်။ လောလောဆယ်မှာ လိုက်ဘေးရီးယားတို့က အုပ်စု(A)မှာ ငါးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေနဲ့ ၁၀ မှတ်ရရှိကာ အုပ်စုကိုဦးဆောင်နေပါတယ်။ တူနီးရှားတို့ကလည်း ငါးပွဲကစားပြီး ခုနစ်မှတ်ရနေပါတယ်။ တူနီးရှားတိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်မြင့်မားသလို ခံစစ်ပိုင်းလည်း ကျစ်လျစ်တာမို့ ပထမအကျော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားတာကို တူနီးရှားတို့ ဒီပွဲမှာ အနိုင်နဲ့ချေဖျက်ပါလိမ့်မယ်။

**နိုင်ဂျီးရီးယားနှင့် တန်ဇန်းနီးယား**

အုပ်စု(G)မှာ အီဂျစ်၊ နိုင်ဂျီးရီးယား၊ တန်ဇန်းနီးယားနဲ့ ချက်အသင်းတွေ ပါဝင်နေပါတယ်။ ဒီအုပ်စုမှာ နိုင်ဂျီးရီးယားတို့က သုံးပွဲကစားပြီး နှစ်မှတ်နဲ့အုပ်စုဒုတိယနေရာမှာရှိနေသလို တန်ဇန်းနီးယားတို့ကလည်း သုံးပွဲကစား၊ တစ်မှတ်နဲ့ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ခံစစ်ပိုင်းယိုယွင်းနေတဲ့ တန်ဇန်းနီးယားတို့က နိုင်ဂျီးရီးယားကို အခုပွဲမှာ သရေရဖို့တောင်မလွယ်ပါဘူး။

**အိုင်ဗရီကို့စ်နှင့် ဆီရီယာလီယွန်**

အုပ်စု(I)မှာ အိုင်ဗရီကို့စ်တို့က ငါးပွဲကစားပြီး ကိုးမှတ်ရရှိနေပါတယ်။ ဆီရီယာလီယွန်တို့က ငါးပွဲကစား၊ ခုနစ်မှတ်နဲ့ အုပ်စုဒုတိယနေရာမှာပါ။ ဒီနှစ်သင်းရဲ့စွမ်းဆောင်မှုကိုကြည့်ရင် အိုင်ဗရီကို့စ်တို့က တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းနေပြီး နိုင်ပွဲရလိုမှုစိတ်ဓာတ်လည်း ပြင်းထန်နေပါတယ်။ အစဉ်အလာအရ ဆီရီယာလီယွန်တို့ အိုင်ဗရီကို့စ်ကို နိုင်ပွဲရတာနည်းတာမို့ အခုပွဲဟာ အိမ်ရှင်အိုင်ဗရီကို့စ်တို့ရဲ့နိုင်ပွဲပါပဲ။



**ဂါနာနှင့် ရဝမ်ဒါ**

အုပ်စု(H)မှာ ဂါနာ၊ ရဝမ်ဒါ၊ မော်ရေးသျှနဲ့ မိုဇမ်ဘစ်တို့ ပါဝင်နေပြီး ဂါနာတို့က ငါးပွဲကစားပြီးချိန် ၁၃ မှတ်နဲ့ အုပ်စုကိုဦးဆောင်နေပါတယ်။ ရဝမ်ဒါက ငါးပွဲကစား၊ ခြောက်မှတ်နဲ့ ဒုတိယနေရာမှာရှိနေပါတယ်။ ပထမအကျော့မှာ ဂါနာတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ ဂါနာရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် မိုဇမ်ဘစ်နဲ့ မော်ရေးသျှအသင်းတွေကို ရှုံးပွဲမရှိ အားထုတ်ထားတာတွေ့ရပါတယ်။ ငါးပွဲမှာ ၁၃ ဂိုး သွင်းထားတဲ့ ဂါတာတိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေကိုပဲ ယုံကြည်ထားရမယ့်ပွဲပါ။

**မိုးမြင့်လင်းလက်**

# ခရစ္စတဲလ်ပဲလေ့စ်မှာ သွားရောက်ကစားမယ့် တိုက်စစ်မှူး ရေးမီ



ကောင်းမြတ်သူ
စုစည်းသည်။

ချယ်လ်ဆီးအသင်းရဲ့ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ရေးမီဟာ ခရစ္စတဲလ်ပဲလေ့စ်အသင်းမှာ အငှားသွားရောက်ကစားဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ ပဲလေ့စ်အနေနဲ့ ရေးမီကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူသွားမယ်ဆိုရင်တော့ ပေါင် ၁၂ သန်းတန်ဖိုးရှိတယ်လို့ ဆိုပါတယ်။

ဒီလို အငှားသွားရောက်ကစားခြင်းကလည်း ချယ်လ်ဆီးနည်းပြ ကွန်တီးရဲ့ တိုက်စစ်ဗျူဟာအလှည့်အပြောင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။ ကွန်တီးအနေနဲ့ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ကို ပိုကောင်းအောင် ပြင်ဆင်တဲ့အနေနဲ့ ကြိုးစားမှုတစ်ရပ်ဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရေးမီဟာ ကျူပီအာမှ အငှားခေါ်ယူထားစဉ် ၂၆ ပွဲမှာ ၁၄ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

ဝက်စ်ဟမ်းအပါအဝင် ပရီမီယာလိဂ်ကလပ်အချို့ကလည်း ရေးမီကိုခေါ်ယူဖို့ ကြိုးစားနေတာပါ။ လောလောဆယ်မှာတော့ ချယ်လ်ဆီးက ရေးမီကို ခရစ္စတဲလ်ပဲလေ့စ်မှာ အငှားချထားဖို့ သေချာနေပါတယ်။

# အင်္ဂလန်အသင်းကို ဆက်လက်ဦးဆောင်မယ့် ရွန်းနေ

အင်္ဂလန်အသင်းမှာ ကစားလာတာနှစ်အတန်ကြာသွားပြီဖြစ်တဲ့ ရွန်းနေကို လက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူသင့်ပြီလို့ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အလန်ရှီးယားက တိုက်တွန်းလိုက်ပါတယ်။

အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ရွန်းနေဟာ အင်္ဂလန်ဘောလုံးအသင်းသမိုင်းတစ်လျှောက် ပွဲအများဆုံးနဲ့ ဂိုးစံချိန်တင်သွင်းယူထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လာမယ့် တနင်္ဂနွေနေ့မှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆလိုဗက်ကီးယားနဲ့ ကစားမယ့်ပွဲမှာတော့ အင်္ဂလန်နည်းပြ ဆမ်အလာဒိုက်စ်က ကွင်းလယ်ကစားသမားတာဝန်ကို ပေးထားပြီ ဖြစ်ပါတယ်။



ရွန်းနေဟာ ၂၀၁၄ ကမ္ဘာ့ဖလားကတည်းက အင်္ဂလန်အသင်းရဲ့အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ရွန်းနေဟာ အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၁၅ ပွဲ ပါဝင်ကစားခဲ့ပြီး ၅၃ ဂိုးသွင်းယူထားပါတယ်။ အသက်အရွယ်ရလာပြီဖြစ်သော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲမှာတော့ ရွန်းနေရဲ့ ဦးဆောင်မှုဟာ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။

# သုံးပွဲပိတ်ပင်ခံရဖွယ်ရှိနေတဲ့ အဂူရို



မန်စီးတီးရဲ့ အမာခံတိုက်စစ်မှူး အဂူရိုဟာ ဝက်စ်ဟမ်းခံစစ်မှူး ဝစ်စတန်ရိဒ်ကို တံတောင်နဲ့တွက်ခဲ့တဲ့အတွက် သုံးပွဲပိတ်ပင်ခံရဖွယ်ရှိနေပါတယ်။ မန်စီးတီးက ဝက်စ်ဟမ်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ အဂူရိုက တံတောင်နဲ့တွက်ခဲ့တယ်လို့ ဆိုပါတယ်။

ကွင်းလယ်ဒိုင်လူကြီးလုပ်တဲ့ မာရီနာကတော့ အဂူရိုတံတောင်နဲ့တွက်တာ မမြင်ဘူးလို့ ဆိုပါတယ်။ သို့သော်လည်း ဝက်စ်ဟမ်းပရိသတ်တွေကတော့ အဂူရိုရဲ့ကြမ်းတမ်းစွာကစားမှုအပေါ် ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ ဒီကိစ္စကို အက်ဖ်အေတာဝန်ရှိသူတွေက ဗီဒီယိုမှတ်တမ်းပြန်ကြည့်ပြီး ဆုံးဖြတ်ချက်ချဖွယ်ရှိပါတယ်။ အကယ်၍ အဂူရိုရဲ့ကြမ်းတမ်းစွာကစားမှုမှန်ခဲ့ပါက သုံးပွဲပိတ်ပင်ခံရမှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းနည်းပြ ဘီလစ်ကတော့ ဒီကိစ္စအပေါ် မှတ်ချက်ပြုပြောဆိုခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။

# ဆည်ကန်ပေါင်ကျိုးပေါက်မှုကို အကြီးစားပြုပြင်ပေးရန် ဒေသခံများမျှော်လင့်နေ

**ကန့်ဘလူ ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မဟာဂါဆည်သည် ဩဂုတ် ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၂၁ ရက်တွင် ကန်ပေါင်ကျိုးပေါက်ပျက်စီးခဲ့ကာ ဒေသခံပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် အားထားနေရသော ဆည်ဖြစ်သဖြင့် အကြီးစားပြုပြင်မှုများ ပြုလုပ်ပေးရန် ဒေသခံများက မျှော်လင့်နေကြကြောင်း သိရသည်။

မဟာဂါဆည်သည် ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ အနောက်မြောက်ဘက် မိုင်ဝက်ခန့်တွင် တည်ရှိပြီး ၁၉၈၆ ခုနှစ်က လူထုလုပ်အားဖြင့် စတင်တည်ဆောက်ခဲ့ပြီး ရေလွှဲရုပ်တာပေါက်ကို ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးခဲ့သည်။ ဩဂုတ် ၂၀ ရက်က မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဩဂုတ် ၂၁ ရက်တွင် ကန်ပေါင်၌ ပေ ၃၀ ခန့် ကျိုးပေါက်ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းကလည်း မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မဟာဂါဆည်တွင် ပေ ၂၀၀ ခန့် ကျိုးပေါက်ပျက်စီးခဲ့ကြောင်း၊ ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် တမံမြေသားပေါင်ဖို့ခြင်း လုပ်ငန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မဟာဂါဆည်သည် တောင်ကျရေကို တားဆီးတည်ဆောက်ထားသည့် တစ်ဖက်ပိတ်ဆည်ဖြစ်၍ တောင်ကျရေများချိန်တွင် မြေသားတမံ ကျိုးပေါက်နိုင်သဖြင့် စိမ့်ကြောဖြတ်ခြင်း၊ ကြမ်းခင်းဆောင်ရွက်ခြင်း၊ ကျောက်နံရံကာရံခြင်းစသည့်လုပ်ငန်းများ အကြီးစားပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

မဟာဂါဆည်သည် ချပ်သင်းကျေးရွာနေ ဒေသခံပြည်သူ ၄၀၀၀ ကျော်၏ သောက်သုံးရေအတွက် အားထားရပြီး လယ်မြေဧက ၃၀၀ ခန့်အတွက်လည်း စိုက်ပျိုးရေ ရယူသုံးစွဲနေသော ဆည်ဖြစ်၍ တာဝန်ရှိသူများက မဟာဂါဆည်ကို အကြီးစားပြုပြင်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများက လိုလားနေကြခြင်းဖြစ်သည်။

ဆည်ကန်ပေါင်ကျိုးပေါက်မှု အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်ဇော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းနိုင်၊ ချပ်သင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းလွင်နှင့် အဖွဲ့ဝင်များက ဩဂုတ် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ခြင်းအလှုခတ်ပွဲ ဝါးခယ်မ၌ ကျင်းပ



**ဝါးခယ်မ ဩဂုတ် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ခြင်းလုံးခတ်ဝါသနာရှင်များ၏ မြန်မာ့ရိုးရာခြင်းအလှုခတ်ပွဲတော်ကို သတ္တမအကြိမ်မြောက်အဖြစ် ရွှေခယ်သီရိ အားကစားခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေခယ် ဝါဆိုခြင်းအလှုခတ်ပွဲတွင် ဝါးခယ်မမြို့နယ်မှ ခြင်းလုံးဝါသနာရှင်အသင်း ခုနစ်သင်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လေးပေါက်တန်း အကောင်းဆုံးဆုရ မျောက်ခြောက်ကောင်မှ နေလင်းထွန်း၊ ခနေ့ဖြူသားလေး ဧရာဝတီ နောင်နောင်၊ ကာကွယ်ရေးမှ ဒို့ချစ်ပိုင်၊ မော်ကျွန်းဖိုးထောင်၊ ဟာသမင်းသား ရဲမာန်၊ ဆီးဂိမ်းသရုပ်ပြ အောင်သက်ပိုင်၊ အာရှရွှေတံဆိပ်ဆုရ ကိုကိုပိုင်၊ လင်းရောင်သစ်လူငယ်အဖွဲ့၊ ရန်ကုန်သိန်းစိုးလေး၏ သားများဖြစ်ကြသော အာကာ၊ ပြည့်စုံနှင့် အောင်မျိုးဦးတို့က မြန်မာ့ရိုးရာခြင်းလုံးပညာကို အလှုခတ်ကစားပြသခဲ့ကြောင်း သိရသည်။ **လှမ်းသီဟ(ဝါးခယ်မ)**

# ကိုရီးယားစီမံကိန်းနှင့် ပြည်သူများ ပူးပေါင်းခင်းကျင်းခဲ့သော ကျေးရွာတွင်းကျောက်ချောလမ်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၀**
ပျဉ်းမနားမြို့နယ် ရွာသာကျေးရွာအုပ်စု ရွာသာကျေးရွာနေပြည်သူများနှင့် ကိုရီးယားနိုင်ငံမှ မြန်မာဆယ်မားအူးလ်ဒုံစီမံကိန်း ရန်ပုံငွေဖြင့် ပူးပေါင်းခင်းကျင်းခဲ့သော ကျေးရွာတွင်း ကျောက်ချောလမ်းသစ်ကို ဩဂုတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

လမ်းဖွင့်ပွဲတွင် ရွာသာကျေးရွာ ဆယ်မားအူးလ်ဒုံစီမံကိန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်က အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံမှ မြန်မာဆယ်မားအူးလ်ဒုံစီမံကိန်းတာဝန်ခံက ဆယ်မားအူးလ်ဒုံစီမံကိန်းများအကြောင်းကို ရှင်းလင်းပြောကြားကာ လမ်းသစ်ကို နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ရွာသာကျေးရွာ စီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ဆယ်မားအူးလ်ဒုံစီမံကိန်း စတင်အကောင်အထည်ဖော်ရန် ကနဦးရရှိငွေ ကျပ် ၂၃၃ သိန်းထဲမှ ၁၉၆ သိန်း အကုန်အကျခံပြီး ယခင်ကျေးရွာမြေသားလမ်းကို အရှည် ပေ ၃၁၅၀၊ အကျယ် ၁၅ ပေ၊ အမြင့်တစ်ပေရှိ ကျောက်ချောလမ်းသစ်အဖြစ် အဆင့်မြှင်ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမဟော်(ပြန်/ဆက်)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၃၀**
ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တည်ဆောက်ပြီးစီးခဲ့သော ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များဖွင့်ပွဲတွင် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ ရှိ ကွံကော်ရိုပ်နှစ်ထပ်ကျောင်းဆောင်သစ်၊ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ စီရှိသော ချယ်ရီရိပ်တစ်ထပ်ကျောင်းဆောင်သစ်နှင့် သစ္စာရိပ် တစ်ထပ်ကျောင်းဆောင်သစ်များကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ကွံကော်ရိုပ်ကျောင်းဆောင်သစ် စုပေါင်းအလှူရှင်နှင့် 100 School Project အလှူရှင်များကိုယ်စား ရေငယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ချယ်ရီရိပ်နှင့် သစ္စာရိပ်ကျောင်းဆောင်သစ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို တာဝန်ခံ ဦးစိန်မြင့်က ရှင်းလင်း ပြောကြားပြီး ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်က မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်က စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊ 100 School Project တာဝန်ခံ ဦးမောင်မောင်ကြီးကလည်း သင်ထောက်ကူပစ္စည်း ကမ္ဘာလုံးပုံစံငယ်နှင့် မျက်မမြင်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း ရေငယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# ဖျာပုံမြို့နယ်အတွင်း ခုနစ်နှစ်မြောက် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဖျာပုံ ဩဂုတ် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကို ဖျာပုံမြို့ အထက(၁)ကျောင်း အောင်မြေခန်းမ၌ ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ကြီးကြပ်ရေးမှူး ဦးသန်းဋ္ဌေးက အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်က သင်တန်းဖွင့်လှစ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ ထူးချွန်သင်တန်းသားဆု ရရှိကြသူများအား ဆုများချီးမြှင့်ခဲ့သည်။

ဖျာပုံမြို့နယ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းကို ၂၀၁၀ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အနေဖြင့် ဗဟိုအဆင့် စွမ်းဆောင်ရည် အကောင်းဆုံး မြို့နယ်ဆုနှစ်ကြိမ်၊ စခန်းကော်မတီဆု၊ ကျောင်းအုပ်ဆုများကို ချီးမြှင့်ခြင်းခံထားရကြောင်း၊ ယခုနှစ်တွင် ဖျာပုံမြို့နယ်၌ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းအတွက် စခန်း ၁၁ ခု ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးသည့်စေတီတော်တွင် ရဲတပ်ဖွဲ့က ရှင်းလင်းပေး

**စလင်း ဩဂုတ် ၃၀**
ပြီးခဲ့သည့်ရက်အတွင်းက လှုပ်ခတ်သွားသော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း အရာတော်ကျေးရွာအနီးရှိ ရှေးဟောင်းခြေတော်ရာစေတီကြီးမှ အပျက်အစီးများကို စလင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးကျော်ခင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ ဩဂုတ် ၂၈ ရက်က ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့တွင် ရှေးဟောင်းသာသနိက အဆောက်အအုံနှင့် စေတီပုထိုးပေါင်း ၁၀၀၀ ခန့်ရှိပြီး ရှေးဟောင်းအဆောက်အအုံ အများအပြားရှိသော မြို့နယ်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် စလင်းမြို့နယ်အတွင်း စေတီခုနစ်ဆူ ပျက်စီးခဲ့ပြီး စေတီအချို့တွင် အင်္ဂတေကွာခြင်း၊ အုတ်များကွာကျခြင်းနှင့် ယိုင်နဲ့ခြင်းစသည့် အသေးစားပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# ဂီတအနုပညာသင်တန်းကျောင်းသစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**
မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ပံ့ပိုးကူညီမှုဖြင့် သန်လျင်မြို့မြို့မတောင်ရပ်ကွက် ပတ္တမြားလမ်း၌ သင်းနွယ် ဂီတအနုပညာသင်တန်းကျောင်းကို ဩဂုတ် ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဂီတအနုပညာသင်တန်းကျောင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် သင်တန်းကျောင်းတည်ထောင်သူ ဒေါ်သင်းသင်းနွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ခရိုင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအတွက် အလှူငွေကျပ် နှစ်သိန်းကို အလှူရှင် ဒေါ်သင်းသင်းနွယ်က မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

သင်တန်းတွင် တယော၊ စန္ဒရားကီးဘုတ်၊ Dancer နှင့် ဂီတာတီး သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် မျိုးဆက်သစ်အနုပညာရှင်များပေါ်ထွန်းရေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အနေဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာယှဉ်ပြိုင်နိုင်ရေး မြန်မာ့ဂီတနှင့် အနုပညာရပ်များ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးစသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဗဟိုဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးက ပြောကြားသည်။ **သန်းဝင်း(သန်လျင်)**

# အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီ အပူဇော်ခံမည်



**ညောင်ရွှေ ဩဂုတ် ၃၀**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နမ့်ဟူးရွာ ရတနာစံကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူသော အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူသည် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်၊ အောက်တိုဘာ ၂ ရက်မှစ၍ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ဒေသစာရီကြွချီသော အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများသည် ညောင်ရွှေမြို့သို့ အောက်တိုဘာ ၈ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်ထိ ကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်ကြောင်းနှင့် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာ ၁၉ ရက်တွင် နမ့်ဟူးရွာ ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွမြန်း ကိန်းဝပ်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပုလဲ-ဂန့်ဂေါလမ်းမတစ်လျှောက်၌ ယာဉ်စည်းကမ်း ပညာပေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ပုလဲ ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၌ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများကို ပုလဲ-ဂန့်ဂေါကားလမ်းဆုံ၌ ဩဂုတ် ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့က ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို ရပ်တန့်စစ်ဆေး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော်က “ပုလဲ-ဂန့်ဂေါကားလမ်းမတစ်လျှောက် မောင်းနှင်သွားလာနေတဲ့ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်များကို ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ပုလဲ-ဂန့်ဂေါကားလမ်းက မုံရွာမြို့နဲ့ မန္တလေးမြို့များကို သွားလာရာမှာ အချက်အချာကျတဲ့ ကားလမ်းဖြစ်ပါတယ်။ နေ့စဉ် ခရီးသည်တင်နဲ့ ကုန်တင်ယာဉ် အစီး ၈၀ ကျော်လောက် ပုံမှန်သွားလာနေကြတာကြောင့် မော်တော်ယာဉ်ကို သတ်မှတ်ထားတဲ့ အမြန်နှုန်းထက်ပိုမောင်းခြင်း၊ ဘေးအန္တရာယ် ဖြစ်စေနိုင်တဲ့ မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါး (သို့မဟုတ်) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာမူးယစ်သောက်စား၍ သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်ကို လက်ဝယ်မထားဘဲ မောင်းနှင်ခြင်း၊ သတ်မှတ်ထားတဲ့ ဝန်တင်အားထက်ပိုတဲ့ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင် ပြုလုပ်ခြင်း စတာတွေကို စစ်ဆေးခဲ့ပြီး ပညာပေးဆွေးနွေးခဲ့ပါတယ်”ဟု ပြော သည်။

ပုလဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအနေဖြင့် မြို့နယ်အတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်းစစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများကို ပုလဲ-ဂန့်ဂေါ ကားလမ်းမတစ်လျှောက်တွင် အရှိန်တိုးမြှင့်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ )**

## ဆင်မြတ်ရှင်ဘုရား၌ ချုံနွယ်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုလဲ ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဩဂုတ် ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ဦးဇော်ထွန်းအောင်က “ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ ပူးပေါင်းပြီး အပတ်စဉ် သောကြာနေ့တိုင်း မြို့ပေါ်ရှိ အထင်ကရနေရာများမှာ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မိုးတွင်းဆိုတော့ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးနဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်”ဟု ပြောသည်။ ပုလဲမြို့နယ် ပြည်သူ့ဆေးရုံနှင့် အထကကျောင်းများသို့လည်း ယခင်အပတ်များက သွားရောက်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## ရဲတပ်ဖွဲ့ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် မူခင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၃၀**
ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ပြည်သူများအား မူခင်း အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်၏ ကြီးကြပ်ကွပ်ကဲမှုအရ တောင်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇော်ထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်များက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုများ ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရွေ့လျားစာကြည့်တိုက်ယာဉ်တွင် မူခင်းအသိပညာပေးနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပညာပေး စာစောင်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်ဒဏ်များ၊ လူကုန်ကူးမှု ပညာပေးစာစောင်များ၊ ယာဉ်စည်းကမ်း ပညာပေးစာစောင်များ ခင်းကျင်းပြသထားပြီး တောင်ကြီးမြို့သစ်တောရပ်ကွက်အတွင်း အထက(၁) ကျောင်းရှေ့တွင်လည်းကောင်း၊ ကန်ရှေ့ရပ်ကွက်တွင်လည်းကောင်း၊ တောင်ကြီးမြို့တွင်း၌လည်းကောင်း လှည့်လည်၍ ဒေသခံပြည်သူများအား မူခင်းပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပညာပေးမှုများ လှည့်လည်ဆောင်ရွက်ခြင်းကြောင့် ပြည်သူများအနေဖြင့် မူခင်းကာကွယ်ရေး သိရှိသင့်သည်များကို သိရှိနိုင်သောကြောင့် ထိရောက်သော အသိပညာပေးမှုဖြစ်ကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရေမြုပ်ပျက်စီးသော လယ်မြေများအတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်

**နတ်တလင်း ဩဂုတ် ၃၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေများအတွက် တိုင်းဒေသကြီးအစိုးရမှ မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု ဘုန်းကြီးရေဆည်ရွာ၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

မျိုးစပါးထောက်ပံ့ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးလှုမြင့်က ယခု တောင်သူများအားပေးသော မျိုးစပါးမှာ ရက် ၉၀ စပါးမျိုးဖြစ်ကာ ရိတ်သိမ်းပြီးပါက ပဲအမျိုးမျိုး အချိန်မီစိုက်ပျိုးနိုင်အောင် ရည်ရွယ်ချက်ဖြင့်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် နတ်တလင်းမြို့နယ်နှင့် မိုးညိုမြို့နယ်အတွင်းမှ တောင်သူများအတွက် မျိုးစပါးများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများထံ ပေးအပ်ခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**ဆားလင်းကြီး ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(VDP) ရေးဆွဲခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၁၆)၏ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က “ဆားလင်းကြီးမြို့နယ်မှာ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၀ ရှိရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ကျေးရွာငါးရွာကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခဲ့ပြီးဖြစ်လို့ ကျန်ရှိနေတဲ့ကျေးရွာ ၁၄၅ ရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မြို့နယ်လုံးကျွတ် ပြီးအောင်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာတစ်ရွာလျှင် ကိုယ်စားလှယ်နှစ်ဦးစီနဲ့ သင်တန်းများကို ၁၀ ကြိမ် ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ ယနေ့သင်တန်းကတော့ ပထမအကြိမ် အောင်မြင်စွာ သင်တန်းဆင်း ပေးခဲ့တာဖြစ်ပါတယ်။ နောက်ဖွင့်လှစ်မယ့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းဆိုင်ရာသင်တန်းများကို ကျေးရွာများမှာ ကွင်းဆင်းပြီး ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

သင်တန်းသို့ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်ခဲ့ကြောင်း၊ သင်တန်းတွင် ကျေးရွာအားလုံး၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သတ်သည့် စီမံချက်ရေးဆွဲခြင်းဆိုင်ရာ ပညာရပ်များကို ပို့ချခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်းကို ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်မှ ကျေးရွာ ၁၇၀ တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ယခုအခါ ဒုတိယအဆင့်အနေဖြင့် မြို့နယ် ၂၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၅၃၈၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်းလုပ်ငန်းကို မြို့နယ်လုံးကျွတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်းတွင် သန့်ရှင်းရေးဝိုင်းဝန်းဆောင်ရွက်

**ပေါက် ဩဂုတ် ၃၀**
ပခုက္ကူခရိုင် ပေါက်မြို့၌ ဩဂုတ် ၂၇ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ မြေနိမ့်ပိုင်း အောင်တော်မူရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဆင်ဆာချောင်းရေ ဝင်ရောက်ခဲ့ပြီး ယခု ရေကျချိန်တွင် ရွှံ့နွံများ၊ အမှိုက်များတင်ကျန်ခဲ့သဖြင့် ကျောင်းသားများ ပုံမှန်ပြန်လည်စာသင်ကြားနိုင်ရေးအတွက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က သန့်ရှင်းရေးလုပ်ငန်းများ ဩဂုတ် ၂၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းဝင်းအတွင်းရှိ တိုးချဲ့ဆောင်၊ ကျောင်းရှေ့မျက်နှာစာ၊ ကျောင်းဆောင်ကူးလမ်းနှင့် ပင်မကျောင်းဆောင်အောက်ရှိ အမှိုက်သရိုက်များ၊ ရွှံ့နွံများကို ဖယ်ရှားခြင်း၊ ရွှေ့ပြောင်းစွန့်ပစ်ခြင်း၊ ကျောင်းဆောင်နံရံနှင့် ကွန်ကရစ်ကြမ်းခင်းများကို ဆေးကြောခြင်းတို့ကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဒေါ်ခိုင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ဖိုးသားလေး( ယောမြေ)**

# ဘားအံမြို့၌ ဒုတိယအကြိမ် လူထုစုပေါင်းစက်ဘီးစီးပွဲကျင်းပ

**ဘားအံ ဩဂုတ် ၃၀**



ကရင်ပြည်နယ် ဘားအံမြို့၌ ဒုတိယအကြိမ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခွဲက ကျင်းပခဲ့ပြီး မြို့နေပြည်သူ ၆၀ ကျော် ပါဝင်၍ စုပေါင်းစက်ဘီးစီးခဲ့ကြကြောင်း သိရသည်။

စက်ဘီးစီးအားကစားကို ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွန်းလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် စက်သုံးဆီကို ပိုမိုခြိုးခြံချွေတာလာနိုင်ပြီး လေထုညစ်ညမ်းမှုကိုကာကွယ်နိုင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအထောက်အကူပြုရန်အတွက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ စက်ဘီးစီးပွဲကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၏ လမ်းညွှန်မှုနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်စက်ဘီးဆပ်ကော်မတီနှင့် Hpaan Rider Club တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲမဟုတ်ဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စည်းကမ်းတကျ စနစ်တကျ စုပေါင်းစက်ဘီးစီးကြခြင်းဖြစ်ကြောင်း သိရသည်။

လူထုစုပေါင်းစက်ဘီးစီးပွဲတွင် ဒေသခံပြည်သူ ၆၀ ကျော်ခန့် စုပေါင်းစက်ဘီးစီးခဲ့ကြပြီး ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွဋ္ဌ်လှိုင်ထွေးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ကာ စက်ဘီးစီးအားကစားသမားများက ဘားအံမြို့ နာရီစင်မှ စတင်၍ သစ္စာလမ်း၊ သီတာအနောက်လမ်း၊ ကမ်းနားလမ်း၊ အင်ကုန်းလမ်း၊ သီရိလမ်း၊ အထက(၄) ကျောင်းလမ်း မြို့ပတ်လမ်း၊ အဓိပတိလမ်း၊ ဗိုလ်ချုပ်လမ်းများအတိုင်း စီးနင်းကြပြီး မဲဘောင်အဝိုင်းကိုပတ်၍ ဗိုလ်ချုပ်လမ်းအတိုင်း နာရီစင်သို့ ပြန်လည်ပန်းဝင်ခဲ့သည်။

ဘားအံမြို့၌ စုပေါင်းစက်ဘီးစီးပွဲကို လစဉ်လတိုင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လစဉ် နောက်ဆုံးအပတ် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို မည်သည့်စက်ဘီးအမျိုးအစားဖြင့်မဆို ပါဝင်ဆင်နွှဲနိုင်ကာ ပြည်သူအများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးထိန်းသိမ်းစေလိုသည့် အသိများရရှိရန် ရည်ရွယ်ကျင်းပခြင်းကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်းဆိုင်ရာများ ပညာပေးဟောပြော

**တနင်္သာရီ ဩဂုတ် ၃၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု) မြိတ်ခရိုင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့နှင့် တနင်္သာရီမြို့နယ် မူးယစ် ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် မော့တောင်ဒေသ အခြေခံပညာအလယ်တန်းကျောင်း၌ ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) မော်တောင်ဒေသ အသင်းခွဲကိုလည်း ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် တနင်္သာရီမြို့နယ် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ဆေးစွဲနေပြီး ဆေးဖြတ်လိုသူများအတွက် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဖြတ်နိုင်ရန် စီစဉ်ထားရှိပေးမှုများကို ရှင်းလင်းအမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်က ကျောင်းသားအခြေပြုသော မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ကြုံတွေ့ရမည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများနှင့် ဆောင်ရန်ရှောင်ရန်အချက်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) မြိတ်ခရိုင်ဥက္ကဋ္ဌ ဦးဝင်းမောင်က မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးဆောင်ရွက်ချက်များနှင့် MANA အသင်းခွဲများဖွဲ့စည်းရေးတို့ကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင် ၄၁ ဦးပါသော မော့တောင်(နယ်စပ်)ဒေသ MANA အဖွဲ့ကို အတည်ပြုဖွဲ့စည်းပေးကာ သက်သေခံကတ်ပြားများ၊ တူညီဝတ်စုံများနှင့် ဆိုင်းဘုတ်များကို မော့တောင်ဒေသအသင်းဥက္ကဋ္ဌ ဦးဘဟုန်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရေနစ်မြုပ်ခဲ့သည့် စိုက်ပျိုးဧရိယာများတွင် ပြန်လည်စိုက်ပျိုးရေးနည်းပညာပေး

**လှိုင်းဘွဲ့ ဩဂုတ် ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သည့် စိုက်ပျိုးဧရိယာများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲသို့ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂ ရွာမှ တောင်သူ ၄၁၇ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) စိုက်ပျိုးရေးပညာပေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးအကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးမြင့်က စိုက်ပျိုးမြေအာဟာရဓာတ်များအကြောင်း၊ ဦးစီးအရာရှိ ဒေါ်တင့်တင့်မြတ်စံက မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ရေး အကြောင်း၊ ဦးစီးအရာရှိ ဒေါ်နီနီထိန်က သီးနှံကာကွယ်ရေးလုပ်ငန်းများအကြောင်း၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ရာဘာပင် အောင်မြင်စွာစိုက်ပျိုးရေးနည်းလမ်းများ၊ ဦးစီးအရာရှိ ဦးအောင်ဇော်က ကော်ဖီသီးနှံအထွက်နှုန်းတိုးတက်ရေးနည်းလမ်းများနှင့် ဒေါက်တာဝဏ္ဏထွန်းက ဟင်းသီးဟင်းရွက် သစ်သီးဝလံများ ရိတ်သိမ်းချိန်လွန်နည်းပညာအကြောင်းများကို ဒေသခံတောင်သူများအား အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သော တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ပညာရှင်များက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဈေးများတွင် အိုင်အိုဒင်းပါဝင်မှုနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်းမရှိရန် စစ်ဆေး

**ဖယ်ခုံ ဩဂုတ် ၃၀**

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးဌာန မြို့မဈေးအတွင်း ရောင်းချနေသော ဆားများတွင် သတ်မှတ်ပမာဏအတိုင်း အိုင်အိုဒင်းပါဝင်မှု ရှိ မရှိနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်/အသုံးပြုရန်မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ ရောင်းချခြင်းမရှိစေရန်အတွက် ဌာနဆိုင်ရာများ စုပေါင်းအဖွဲ့က ဩဂုတ် ၂၆ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးထိန်လင်းနှင့် ဈေးတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုလတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များမှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၅၀ ကျော်ဖြင့် အဖွဲ့များခွဲ၍ စစ်ဆေးခဲ့သည်။

ဈေးအတွင်းစစ်ဆေးရာတွင် စားသုံးရန်မသင့်ကြောင်း ကြေညာထားသော မုန့်အချို့ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်းနှင့် ဈေးဆိုင်များတွင် အိုင်အိုဒင်းဆား ရောင်းချရန်၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်၊ အသုံးအဆောင်များနှင့် ဆေးဝါးများရောင်းချခြင်းမပြုရန် ပညာပေးမှုများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ထွေး(ပြန်/ဆက်)**



# ပြည်သူ့ဝန်ဆောင်မှုရုံးများ လုပ်ငန်းဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ဟားခါး ဩဂုတ် ၃၀**

ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)များမှ ဝန်ဆောင်မှုပေးသော လုပ်ငန်းများနှင့်ပတ်သက်၍ ချင်းပြည်နယ် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ဝန်ဆောင်မှုရုံး ပြည်နယ်ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး ပြည်နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်သော ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံးများကို ယခုထက်ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# စံပြစိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းဆောင်ရွက်

**မိုင်းဖြတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာရှိ အကျိုးဆောင်တောင်သူများ၏ ဆင်းကေရီ(၃) စပါးမျိုးသန့်ပွား စံပြစိုက်ခင်း ၁၀ ကေ၌ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများကို တာချီလိတ်ခရိုင် မျိုးစေ့ဌာနခွဲနှင့် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများပူးပေါင်း၍ ဩဂုတ် ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရန်အတွက် ဆင်းကေရီ(၃) မျိုးသန့်စံပြကွက်ကို အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကာ အဆိုပါ စပါးမျိုးသန့်ပွား စံပြစိုက်ခင်းများတွင် ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို တာချီလိတ်ခရိုင် မျိုးစေ့ဌာနခွဲတာဝန်ခံ ဦးအေးကို၊ ခရိုင်မြေအသုံးချရေးဌာနခွဲတာဝန်ခံ ဒေါ်မြဥမ္မာ၊ မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆင်းကေရီ(၃)စပါးမျိုးသည် မိုင်းဖြတ်မြို့နယ်တွင် တောင်သူများ အများဆုံးစိုက်ပျိုးသည့် စပါးမျိုးဖြစ်ပြီး မိုးစပါးစိုက်ဧက စုစုပေါင်း၏ ၆၅ ဒသမ ၀၆ ရာခိုင်နှုန်းခန့်တွင် အဆိုပါစပါးမျိုးကို စိုက်ပျိုးထားကြကာ တစ်ဧက စပါးတင်းတစ်ရာအထက် ထွက်ရှိပြီး ဝင်ငွေတိုးတက်ရရှိသည့်အတွက် တောင်သူအများစု ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## သတင်းတိုများ

### ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲကို လှိုင်းဘွဲ့ အထကကျောင်းခန်းမ၌ ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့သည်။ တွေ့ဆုံပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ် လူမှုအဖွဲ့အစည်းကွန်ရက် (KSCN) အကြောင်းကို ဒေါ်နော်ဒိုင်းဖော့ခလိန်းက ရှင်းလင်းတင်ပြပြီး လှိုင်းဘွဲ့မြို့နယ် အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများကို ဒေါ်မေယုက ရှင်းလင်းတင်ပြသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဘဝအလင်းတန်းစာကြည့်တိုက်ဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်နယ်မြေ ထားဝယ်ကမ်းရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး ဘဝအလင်းတန်းစာကြည့်တိုက်ကို ဩဂုတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် ထားဝယ်ကမ်းကျောင်းတိုက်ဆရာတော်က သြဝါဒကထာ မိန့်ကြားပြီး မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆက်လက်ကြိုးပမ်းရန် အမှာစကားပြောကြားကာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် စာရေးဆရာများက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး ရွှေကျွန်းအားမာန်ကုမ္ပဏီက စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ်သုံးသောင်းကို လှူဒါန်းခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## လူကုန်ကူးခံရသော ရေလုပ်သားတစ်ဦးအား ထောက်ပံ့

**ဇဖဲ ဩဂုတ် ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဘင်ဂျီနာကျွန်း၌ လူကုန်ကူးခံခဲ့ရသော မြန်မာရေလုပ်သားများအား နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ပြီးခဲ့သည့်နှစ် မေလက မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ရာတွင် ပါဝင်ခဲ့သော ရေလုပ်သားတစ်ဦးဖြစ်သည့် ဇဖဲမြို့မြို့မရပ်ကွက်နေ ဦးမောင်မောင်သန်း(၄၈ နှစ်)အား ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၂၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ စီမံကိန်းလက်ထောက် ဒေါ်မြတ်ပန်းအိစံ၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒေါ်နုနုရီနှင့် မကွေး လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းအဖွဲ့ဝင် ဦးနေဝင်းတို့က ဩဂုတ် ၂၅ ရက်တွင် ဇဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် လူကုန်ကူးခံရသူ ဦးမောင်မောင်သန်းတို့အား တွေ့ဆုံဆွေးနွေးကာ ဦးမောင်မောင်သန်းအား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဆန်အိတ် ၁၈ အိတ်နှင့် ဟွာဝေး အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း ကျပ် ၅၈၅၀၀၀ ရှိ ပစ္စည်းများ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

**သန်းနိုင်ဦး(ဇဖဲ)**

## လူထုဗဟိုပြုစီမံကိန်းအောင်မြင်မှု စစ်ဆေးမှုများ ပြုလုပ်

**ကြံခင်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ပထမနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းခွဲပေါင်း ၂၄၅ ခုမှ ရာနှုန်းပြည့်ပြီးစီးသော ကျေးရွာများတွင် လူထုစစ်ဆေးပွဲများပြုလုပ်၍ လုပ်ငန်းစဉ်နှင့်ရလဒ်အပေါ် ပြည်သူလူထု၏စိတ်ကျေနပ်မှုအခြေအနေ မဲပေးခြင်းစနစ်ဖြင့် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို လူထုစစ်ဆေးခြင်းများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်း၏ ပထမနှစ် စက်ဝန်းတွင် လုပ်ငန်းအကောင်အထည်ဖော်ခဲ့သော ကျေးရွာများ၌ တစ်နှစ်တာအတွင်းဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်နှင့် ရလဒ်များကိုသုံးသပ်၍ ကော်မတီဝင် အမျိုးသား အမျိုးသမီး၊ ကျေးရွာလူထု အမျိုးသား အမျိုးသမီးများကို အုပ်စုဖွဲ့၍ ကောင်းမွန်စွာလုပ်ဆောင်နိုင်ခဲ့သော ကိစ္စရပ်များ၊ မလုပ်ဆောင်နိုင်ခဲ့သော ကိစ္စရပ်များနှင့် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကို ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။

ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ လူထုစစ်ဆေးပွဲများကို ၆၅ ရာခိုင်နှုန်းသော ကျေးရွာများတွင် ပြုလုပ်ပြီးစီးနေပြီဖြစ်ကာ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော စီမံကိန်းသုံးသပ်ခြင်းကိုလည်း စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်**

## သတင်းတိုများ

### ယာဉ်စည်းကမ်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြော

ကရင်ပြည်နယ် ဘားအံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းအလယ်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်းအရာများ ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် ဘားအံယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးထွန်းထွန်း၊ အိန္ဒြနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် သာယာကုန်းရဲကင်းမှူး ရဲအုပ်စိုးမင်းအောင်တို့က အသိပညာပေးဟောပြောခဲ့သည်။

**ထွန်းထွန်းထွေး (ဘားအံ)**

### ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စုပေါင်းရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာ လက်တံ(၃)ရေဆိုးမြောင်း ရေထွက်ပေါက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒိုက်များ၊ အမှိုက်များ ပိတ်ဆို့နေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် ဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ဩဂုတ် ၂၅ ရက်က စုပေါင်းရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပေး

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မိုဘိုင်းစာကြည့်တိုက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဩဂုတ် ၂၇ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းရှိ ဆရာ ဆရာမများအား အခမဲ့စာကြည့်တိုက်အသင်းဝင်နိုင်ရန်နှင့် စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းကို အပတ်စဉ်သောကြာနေ့တိုင်း သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း၏ (ကရင်ပြည်နယ်ဇုန်) အလုပ်အမှုဆောင်အဖွဲ့ စတင်ဖွဲ့စည်း

**ဘားအံ ဩဂုတ် ၃၀**

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း(MHPA)၏ ကရင်ပြည်နယ်ဇုန် အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းသည့် အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ခြင်းလုံးအားကစားလေ့ကျင့်ရေးရုံ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်နေသည့် လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှု၊ ဒေသခံများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုစသည်ဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှနေ၍ တစ်နိုင်တစ်ပိုင်ဖြင့် ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ချောင်းသာ၊ ငွေဆောင် စသည်တို့တွင် သွားရောက် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယခု ကရင်ပြည်နယ်ဇုန် အလုပ်အမှုဆောင်အဖွဲ့ကို စတင်ဖွဲ့စည်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း(ဗဟို) အတွင်းရေးမှူး ဦးသူရအောင်ဇော်၏ ပြောကြား ချက်အရ သိရသည်။

ကရင်ပြည်နယ်ဇုန် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းသည့်အခမ်းအနားတွင် ကရင်ပြည်နယ် စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောချစ်မြင့်လေး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် MHPA အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကရင်ပြည်နယ်ဇုန် အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးကိုကိုနိုင် (အဖျော်ယမကာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုးမင်း(စားသောက်ဆိုင်လုပ်ငန်းရှင်)၊ အတွင်းရေးမှူးအဖြစ် ဦးကိုကိုဇင်(ဟိုတယ်လုပ်ငန်းရှင်)နှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးဖြူမောင်(အပန်းဖြေကစားလုပ်ငန်းရှင်)တို့ အပါအဝင် အလုပ်အမှုဆောင် ရှစ်ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အလယ်တန်းအဆင့် မီနီမာရသွန်ပြိုင်ပွဲကျင်းပ




**လားရှိုး ဩဂုတ် ၃၀**

လားရှိုးမြို့နယ်အတွင်း ကျောင်းသားလူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး ကျန်းမာကြံ့ခိုင်မှုရှိစေရန် ရည်ရွယ်၍ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အလယ်တန်းအဆင့် မီနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူးက ဖွင့်လှစ်ပေးကာ လားရှိုးမြို့တော်ခန်းမမှ စတင်တာထွက်၍ ပြည်ထောင်စုအားကစားကွင်း၌ ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများနှင့် နှစ်သိမ့်ဆု ရရှိသူများအား ဂုဏ်ပြုဆုများနှင့် အမှတ်တရ မီနီမာရသွန်အင်္ကျီများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**မူဆယ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင်မှ တတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်နေ့အခမ်းအနားကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးလှမောင်က ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင်ကို ၂၀၀၈ ခုနှစ် ဩဂုတ် ၂၉ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ကုန်စည်ဒိုင်၏ တတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အခမ်းအနား ဆောင်ရွက်လာနိုင်သည်အထိ ကူညီပံ့ပိုးပေးကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ညီနောင်အသင်းအဖွဲ့များအား ကျေးဇူးတင်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းနှင့် ရှမ်း/မြောက် လားရှိုးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းမှ ဦးဒေးဗစ်တို့က အမှာစကားပြောကြားကြပြီး ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင် အတွင်းရေးမှူး ဦးမောင်မောင်အေးက အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၆-၂၀၁၈ ခုနှစ် အလုပ်အမှုဆောင်စာရင်းကို ဖတ်ကြားအတည်ပြုခဲ့သည်။

**သန့်ဇင်(မူဆယ်)**

# တောင်သာမြို့ရှိ ဘဏ်များ လုံခြုံမှုရှိစေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**တောင်သာ ဩဂုတ် ၃၀**

တောင်သာမြို့ရှိ မြန်မာ့စီးပွားဘဏ်၊ CB ဘဏ်နှင့် ကမ္ဘောဇဘဏ်များတွင် လုံခြုံမှုရှိစေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ဘဏ်များမှ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် လုံခြုံရေးတာဝန်ရှိသူများအား တောင်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေထွန်းသန်း၊ မြို့မစခန်းမှူး ဒုရဲမှူးကျော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်က တွေ့ဆုံအသိပေးခဲ့ကြောင်း သိရသည်။

ငွေထုတ်ငွေသွင်းလာသူများ၏ လုံခြုံမှုရှိစေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ရှင်းလင်းခဲ့ခြင်းဖြစ်ပြီး ဘဏ်များသည် မသမာသူများ၏ မျက်စိကျရာဖြစ်၍ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များအနေဖြင့် မိမိပါငွေများကို အထူးဂရုပြုစေရန်နှင့် ထူးခြားမှုရှိပါက ရဲတပ်ဖွဲ့သို့ အမြန်ဆုံး ဖုန်းဆက်အကြောင်းကြား အကူအညီတောင်းခံရန်၊ လမ်းသွားလမ်းလာများကိုလည်း သတိပြုပြီး ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပေးရန် ဘဏ်တာဝန်ရှိသူများအား မှာကြားပြီး ဘဏ်လုံခြုံရေးစနစ်များ ထားရှိမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ တောင်သာမြို့နယ်တွင် ယခင်ကဆိုင်ကယ်ဖြင့် လုယက်မှုများရှိခဲ့ပြီး ယခုအခါလှည့်ကင်းများဖြင့် နေ့ညဆောင်ရွက်နေ၍ မှုခင်းဖြစ်ပေါ်မှုမရှိသော်လည်း သတိဝီရိယဖြင့် သွားလာနေထိုင်ရန်လိုအပ်ကြောင်း သိရသည်။

**ထွန်းလင်း**

# ရေဘေးကြုံခဲ့သော ပြည်သူများအား အခမဲ့ကွင်းဆင်း ဆေးကုသပေး

**တိုက်ကြီး ဩဂုတ် ၃၀**

ပြီးခဲ့သောရက်အတွင်းက ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့သော ဥက္ကံမြို့ ထဘူးဝကျေးရွာမှ ပြည်သူများအား မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဩဂုတ် ၂၇ ရက်တွင် အခမဲ့ဆေးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး စားသောက်ကုန်ပစ္စည်းများလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဉာဏ်နှင့် ဗဟိုကော်မတီဝင်များဖြစ်ကြသော အရိုးအကြောသမားတော် ဒေါက်တာခင်မောင်ထူး၊ အထွေထွေရောဂါကုသမားတော် ဒေါက်တာတင်လှနှင့် သူနာပြုဆရာမကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး၊ အတွင်းရေးမှူး ဦးမျိုးညွန့်နှင့် မြောက်ပိုင်းခရိုင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့ ပါဝင်သောအဖွဲ့က ထဘူးဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၁၅၀ ခန့်ကို အထွေထွေရောဂါများ ကုသပေးနိုင်ခဲ့ပြီး ဆန်၊ ခေါက်ဆွဲ၊ ဆေးဝါး၊ ဆပ်ပြာနှင့် ကျောင်းသုံးစာအုပ်များလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကွင်းဆင်းဆေးကုသပေးရာ၌ ဥက္ကံရဲစခန်းမှူး၊ ဥက္ကံမြို့ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ဝင်များနှင့် ဥက္ကံမြို့မှ လူမှုရေးအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်ညွှန့်(တောင်စွန်း) အသက်(၉၅)နှစ်

မွန်ပြည်နယ်၊ တောင်စွန်းမြို့နေ (ဦးချစ်ဦး-ဒေါ်ခင်ဥ)တို့၏သမီး၊ [ဦးသီး(ခ)ဦးစောယုကျင်]၏ဇနီး၊ ဆရာဦးကံ-ဒေါ်ဖွားရှင်တို့၏ညီမ၊ ဦးထွန်း-(ဒေါ်လှလှသန်း)၊ (ဦးထွန်းရီ-ဒေါ်သိန်းညွှန့်)၊ (ဦးစိုးကြည်)-ဒေါ်မြသွယ်၊ (ဦးအုန်းမောင်)တို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ခရေ ၄လမ်း၊ တိုက် ၂၂၊ အခန်း ၂၀၄နေ ဒေါ်အေးအေးသွယ်၊ ဒေါက်တာခင်မောင်ဦး-ဒေါ်မော်မော်သွယ်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးမြတ်စိုး-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ မောင်လင်းအောင်၊ မောင်မြတ်သီဟစိုး၊ မမြတ်ကေသွယ်စိုးတို့၏ဘွားဘွားကြီးသည် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်လေး

ဒု-တိ/ကုမ္ပဏီ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ် ၈၃ (၆-က)နေ ဒေါ်အုန်းတင်၏ခင်ပွန်း၊ ဦးမြတ်လွင်၊ ဒေါ်အေးအေးမြတ် (Eternal Co., Ltd)၊ ဦးသက်ခိုင်-ဒေါ်ချောစုရီ၊ ဒေါ်စန်းစန်းလှိုင် (Elan Logistics., Ltd)၊ ဦးအောင်သီဟ(Myan Shwe Pyi Tractors.,Ltd)-ဒေါ်အေးစန္ဒာလှိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ဂါမဏိလမ်း၊ အမှတ် ၇၈၁ နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းထွန်းလှ(ခ)ဦးတင်မောင်လှ

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ စိန်ပန်းနီလမ်း၊ အမှတ် ၅၉၆နေ ဦးတင်လှ-(ဒေါ်ခင်ရီ)တို့၏သား၊ အင်းစိန်မြို့နယ်နေ (ဦးကျော်လှိုင်-ဒေါ်ခင်ကြွေ)တို့၏သားသမက်၊ ဦးမော်အေး-ဒေါ်နွယ်နွယ်လှ၊ (ဦးမြင့်ဆွေ)-ဒေါ်ချိုချိုလှ၊ဦးတင့်ထွန်းလှ-ဒေါ်လွင်လွင်ဦးတို့၏အစ်ကို၊ အင်းစိန်မြို့နယ်နေ ဦးလှသောင်း-ဒေါ်ကြည်ကြည်ဝင်းတို့၏မောင်၊ ဒေါ်အုန်းဝင်း၏၏အစ်ကို၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေး၊ ဒေါ်သန်းသန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ထွန်းဦး(CB Bank H.O)၏ချစ်လှစွာသောဖခင်သည် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးဖြိုး အသက်(၅၂)နှစ်

(မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ သုတေသန-၁၇)

**B.Sc (Chemistry), H.G.P., B.A (Astrology), Jyotish Sastri,Jyolish Bhaliti, M.A.R.P(Kolkata)(India)**

ရန်ကုန်မြို့နေ (ဦးတင်လှ-ဒေါ်ဝင်းမေ)တို့၏ တစ်ဦးတည်းသောသား၊ ရွှေပေါက်ကံမြို့နေ (ဗိုလ်ကြီးအုန်းမြင့်)-ဒေါ်အေးအေးသန်းတို့၏ သားသမက်၊ ဒေါ်တင်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်[X (I)]၊ မောင်ကောင်းဆက်[X (H) အထက-၂၊ ဗဟန်း]တို့၏ဖခင်၊ ဦးလှဝင်း(မြန်မာ့လေကြောင်း၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်လှ၊ ဒုဗိုလ်မှူးကြီးနွယ်ဝင်း(ငြိမ်း) (Quality Assurance Manager at Mann Yadanarpon Airlines)-ဒေါ်ယဉ်မင်းလှိုင်(အလက-၃၊ ရန်ကင်း၊ ငြိမ်း)တို့၏မောင်၊ ဦးအောင်ဇေယျ(Manager,Cocacola Co.,Ltd.)-ဒေါ်ယဉ်မေလှတို့၏အစ်ကို၊ ဦးခင်ဇော်-ဒေါ်ထားအေး၊(ဦးစိုးထွန်း)-ဒေါ်တင်မာမြင့်တို့၏မောင်၊ (ဦးဇော်ဝင်း)၊ ဦးဇော်မင်းတို့၏အစ်ကို၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ လူငယ်ရေ့ဆောင်လမ်း၊ အမှတ် ၁၁၁နေ ဦးအေးဖြိုးသည် ၃၀-၈-၂၀၁၆ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၉-၂၀၁၆ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## မဆုလှိုင်ဝင်း(ခ)မထက်ထက်ဦးဝေ

**B.Phamm. B.A (Eng), MBA (ADAM University, USA)**

ဒါရိုက်တာ(ရွှေဝင်္ကပါကမ္ပဏီ)

အသက်(၃၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုရားကြီးရပ်၊ ကမ်းနားလမ်း၊ အမှတ် ၇၇နေ ဦးတင်ဝင်းမြင့်-ဒေါ်အေးအေးသန်း(သီရိရတနာ ပရိဘောဂ၊ အဓိပတိစာပေ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးတင်ညွှန့်)-ဒေါ်မြင့်မြင့်ဝေ၊ (ဦးတင်မြင့်)-ဒေါ်ခင်ပန်၊ (ဦးအေးမောင်)-ဒေါ်မြင့်မြင့်ထူး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးကျော်ဝင်း-ဒေါ်နိုင်နိုင်သန်း၊ ဒေါ်ပေါက်ပေါက်သန်း၊ဦးဇော်လင်း-ဒေါ်စောမာလာ၊ ဦးကျော်လွင်ဦး-ဒေါ်စောစန္ဒာ၊ ဦးကျော်လွင်-ဒေါ်စောသူဇာ၊ ဦးတင်အောင်-ဒေါ်မီမီတို့၏တူမ၊ ကိုဘိုဆန်းလွင်-မတင်နီလာအေးတို့၏ညီမ၊ ကိုစိုးမင်းထွန်း၊ မပီတိဝေ၊ မသီရိဝေ၊ မအေးမြမြကြည်၊ ကိုကောင်းဆုဖြိုး၊ မရတီတို့၏အစ်မသည် ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အထက်ပါနေအိမ်မှ မြို့မဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်ခိုင်မာလာ အသက်(၄၀)

မုံရွာမြို့၊ဆူးလေကုန်းရပ်နေ(ဦးလန်း-ဒေါ်သန်းမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥသျှောင်ရေးလမ်း၊ အမှတ်၃၄နေ ဦးကျော်မြင့်၏ဇနီး၊မခိုင်ဇင်ကျော်(စတုတ္ထတန်း-F၊ အထက-၁၊ ဒဂုံ)၊ မောင်ထက်မြတ်ကျော်(ဒုတိယတန်း-C ၊ အထက-၁၊ ဒဂုံ)တို့၏မိခင်သည် ၂၉-၈-၂၀၁၆ရက် နံနက် ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း

ဦးစီးအရာရှိ(မြို့ပြ)၊လမ်းဦးစီးဌာန

ဒေးဒရဲမြို့နယ်

အသက်(၅၇)နှစ်

ပုသိမ်မြို့၊ ပြည်တော်သာတိုက်၊ အမှတ် ၁၁/၂နေ ဒေါ်သစ်သစ်လွင် (စာရင်းကိုင်-၃၊ လမ်းဦးစီးဌာန၊ ပုသိမ်မြို့နယ်)၏ခင်ပွန်း၊ ကိုအောင်ညီညီ (Sojitz Corporation)-မမေကိုကို (မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ မမေချိုချိုလင်း (အကြီးတန်းစာရေး၊ ပုသိမ်ခရိုင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန)၊မမေသော်တာအောင်(အငယ်တန်းလက်ထောက် KBZ Bank)တို့၏ဖခင်သည် ၂၈-၈-၂၀၁၆ရက်တွင် ရန်ကုန်မြို့၌ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်မြကြည် (ပဲခူး)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို၊ တိုက် ၇+၁(အေ)၊ အခန်း ၂၀၂နေ (ဦးကျော်)၏ဇနီး၊ ဦးကျော်ငွေး-ဒေါ်ခင်အေးမြင့်(ဘုရင့်နောင်ဈေး)၊ ဒေါ်မိမိခိုင်၊ ဒေါ်ဝင်းကြည်(ခ)ဒေါ်ဥမ္မာတို့၏မိခင်သည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်း

အသက်(၇၇)နှစ်

ပြင်ဦးလွင်မြို့နေ ဦးကျော်အောင်-ဒေါ်ခင်သန်းမြင့်တို့၏တူမ၊ မော်ဘီမြို့နေ ဦးသန်းထွန်း-ဒေါ်တင်ရှိန်တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးကျော်ကျော်)-ဒေါ်အေးအေးမူ၊ ပြင်ဦးလွင်မြို့နေ ဦးစိုးမြင့်အောင်-ဒေါ်မြသွယ်၊ (ဒေါ်အေးအေးမြ)၊ ဦးထွန်းမြင့်-ဒေါ်လှလှ၊ ရန်ကုန်မြို့နေ (ဦးကျော်ဝင်း)-ဒေါ်အေးအေးမြို့တို့၏အစ်မ၊ ပြင်ဦးလွင်မြို့နေ (ဦးထူး-ဒေါ်ထွန်း)တို့၏သမီးသည် ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ စမိုင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ သီဂီလမ်းသွယ်-၄၊ အမှတ် ၁၂၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Daw Katherine Hanner Buangi (Pi Zomanthangi)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၃၂၊ အခန်း ၃၊ ရန်နိုင်လမ်းသွယ် ၁၅၊ (၄)ရပ်ကွက်နေ (Pu Hanner -Pi Dawni)တို့၏သမီး၊ (U Michale) Daw Siami ၏ညီမ၊ Daw Noreeni, (U Rudolf) - Daw Margaret-(U Lu Lu Kyaw Myint)တို့၏အစ်မ၊ Pa Lai Than Zau@ ဦးသန်းမြင့်၏ချစ်လှစွာသောဇနီး၊ Lal Malsawm @ ကျော်ဝမ်း၏ ချစ်လှစွာသောမိခင်သည် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်၊ ဇမာန္တေလ(ဆူးလေ)၊ဗိုလ်ချုပ်လမ်းနှင့်ဘားလမ်းထောင့်တို့မှကားများ နံနက်၉နာရီနှင့် မြကန်သာနှင့် မြောက်ဒဂုံ စစ်တောင်းမှတ်တိုင်တို့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဦးလှအောင်

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ စက်မှု ၃လမ်း၊ အမှတ် ၁၆၃နေ ဦးထွန်းလင်း-မအိအိဝင်း၊ ဦးဘိုစိန် - ဒေါ်ကြည်သန်းတို့၏ဖခင်၊ မောင်ကျော်စွာသိန်း၊ မစန္ဒီထွဏ်းတို့၏အဘိုး၊ ဒေါ်ရင်စိန်၏ ခင်ပွန်းသည် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၉-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်စိန်(ခ)ဦးစိမ်း

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၀၃၊ ပထမထပ် (2-A) နေ ဒေါ်သန်းသန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးစည်သူဟိန်း-မခိုင်သီတာ၊ မောင်ညီညီပိုင်စိုးတို့၏ဖခင်သည် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင်(ခ) ဦးမင်းမောင် အသက်(၅၈)နှစ်

ပခုက္ကူမြို့၊ ရေစကြိုမြို့နေ (ဦးသာတင့်-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးစံ-ဒေါ်ငွေဇင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၇) ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၁၀၁၃နေ ဒေါ်မြင့်မြင့်ရီ (ဦးစီးအရာရှိ၊ ငြိမ်း၊ အခြေခံပညာဦးစီးဌာန)၏ခင်ပွန်း၊ ကိုရဲထက်အောင်-မမိုဇာမင်းမောင်၊ မအေပရယ်မင်းမောင်(G3 Group Limited) တို့၏ဖခင်၊ မရွှေဝတီ၏အဘိုးသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ဖြိုး

လက်ထောက်ကြီးကြပ်ရေးမှူး(ငြိမ်း)

မြန်မာ့မီးရထား

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၇လမ်း၊ အမှတ် ၇၁၅နေ (ဦးသန်းငြိမ်း-ဒေါ်မြသန်း)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၆ရပ်ကွက်၊ သမိန်ထောလမ်း၊ အမှတ် ၄၀၉နေ (ဗိုလ်ကြီးကျော်ဒင်၊ ငြိမ်း)-ဒေါ်ဘေဘီတို့၏သားသမက်၊ ဒေါ်ညိုညိုအေး၏ ခင်ပွန်း၊ မစုနန္ဒာလင်း(BARS Final-MIT)၏ဖခင်၊ရဲမှူးမောင်မောင်တာ(ငြိမ်း)၏ညီ၊ ဒေါ်ညွှန့်ညွှန့်အေး-(ဒုတပ်ကြပ်သန့်ဇင်)၊ ဒေါ်သန်းသန်းအေး (မြန်မာနိုင်ငံဓမ္မတက္ကသိုလ်)၊ ဦးကျော်ဇေယျ-ဒေါ်တင်တင်လှ၊ ဦးရန်မျိုးအောင် (အား/ကာသိပ္ပံ)-ဒေါ်ချိုနွယ်၊ ကိုကျော်ဇင်ထိုက် - မသဲမူတို့၏ အစ်ကိုသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရွှေပေါက်ကံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချိုလှိုင်

နေလအထည်ဆိုင်(ဗိုလ်ချုပ်ဈေး)

ဘိုကလေးမြို့နယ်အသင်း

အလုပ်အမှုဆောင်

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနောက်(၃)ရပ်ကွက်၊ရန်ပြေ ၁၈လမ်း၊ အမှတ် ၁၄နေ(ဦးစောလှိုင်၊ ကျောင်းအုပ်ကြီး၊ ဘိုကလေးမြို့) - ဒေါ်သန်းအေးတို့၏သမီး၊ အင်းစိန်မြို့နယ်နေ ဦးလှကြည်-ဒေါ်ပြုံး၊ သန်လျင်မြို့နယ်နေ ဦးထွန်းလင်း-ဒေါ်သန်းအေးတို့၏ တူမ၊ မသင်းသင်းလှိုင်(ဝေဒသုတေသီ)၊မောင်ဝင်းအောင်(နေလမုန့်တိုက်) - မခင်မျိုးလှိုင် (လ-ရ-မခွဲ ရန်ကုန်၊ ပြည်ထဲရေးဝန်ကြီးဌာန)၊မောင်တင်မျိုးလွင်-မသက်သက်လှိုင် [နေလ ရွှေငွေရတနာဆိုင်၊ သာကေတ (၁)ဈေး]၊ မထူးထူးလှိုင် (အထက်တန်းရှေ့နေ)၊ မောင်ပြည့်ဖြိုးလှိုင်တို့၏အစ်မ၊ တူ၊ တူမ သုံးယောက်တို့၏ကြီးတော်သည် ၂၉-၈-၂၀၁၆ရက် (အင်္ဂါ နေ့) နံနက် ၁၁း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်သန်း (ဝါးခယ်မ)

အသက်(၉၅)နှစ်

ဝါးခယ်မမြို့၊ မင်းပိုင်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ် ၂၁နေ (ဒေါ်ကျင်လှ)၏ခင်ပွန်း၊ (ဦးလှသိန်း)-ဒေါ်မြင့်ကြည်(ရွှေမြန်မာဆန်စက်၊ ဝါးခယ်မ)၊ ဦးတင်ဝင်း-ဒေါ်ခင်သန်းဆွေ၊ ဦးကြည်ဝင်း-ဒေါ်ခင်ဆွေညွှန့်တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ည ၉း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ဝါးခယ်မ မြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးချင်းစိန်(ခ)ပေပြင်ခွန်း

အသက်(၈၀)

ရန်ကုန်မြို့နေ ဦးကြည်သိန်း-(ဒေါ်ခင်လေး)တို့၏ညီ၊ (ဦးမောင်မောင်)၊ ဒေါ်ခင်ဖြူ - ဦးမျိုးလွင်တို့၏ အစ်ကို၊ (ဒေါ်တင်လှ-ဦးဟုတ်စိန်)၊ [ဦးကြည်လင်(ခ)ဦးကာကာ] - ဒေါ်ခင်မေတို့၏မောင်/ညီ၊ ဒေါ်တင်မြင့်-ဦးခင်ကြူ၊ ဦးစိုးလွင်-ဒေါ်တင်အေး၊ ဒေါ်စန်းစန်းလွင်၊ဦးမျိုးလွင်-ဒေါ်ခင်ဖြူတို့၏အစ်ကိုသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးချင်းစိန်(ခ)ပေပြင်ခွန်း

အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းနှင့် ရွှေလဝင်းလမ်းထောင့်၊ ဗားကရာကွန်ဒို၊ အမှတ် ၆၀၇နေ(ဦးဗျန်ကျောင်း - ဒေါ်ကျင်စွမ်)တို့၏သား၊ (ဦးချင်း - ဒေါ်ဝမ်းနား - ဒေါ်ကျင်ယုံ) တို့၏သားသမက်၊ [ဒေါ်ခင်စန်းသွယ် (ခ) ဒေါ်ခင်မြင့်မြင့်(ခ)တန်စွမ်ပိုင်)]၏ ခင်ပွန်း၊ မဖြူဖြူသွင်၏ ဖခင်သည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကိုကိုအောင်

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၁၀၇နေ ဦးဝင်းလွင်(ဒု/ညွှန်မှူး၊စက်မှု-၁၊ ငြိမ်း)-ဒေါ်တင်တင်ရီတို့၏သား၊ (ဦးကျော်ကျော်နိုင်) - ဒေါ်လှလှနွယ်တို့၏ ညီ၊ ဦးကိုကိုဇော်(K & L Co., Ltd.)-ဒေါ်ဇင်မာ၊ ဒေါ်လဲ့လဲ့လွင်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ [ဦးကိုကိုလတ်(စက်မှု-၂)]-ဒေါ်ကြည်ကြည်လွင်တို့၏အစ်ကို၊ မောင်ထက်အောင်-မစုမြတ်ဖြူ၊ မမြသဲခင်တို့၏ဦးလေး၊မောင်ဝီရမင်းဟန်၏အဘိုးသည် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၆ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုဏ္ဍိမဇ

သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၅)ဝါ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ မဟာပုဗ္ဗာရုံ ကံဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍိမဇ (မြို့နယ်သံဃနာယကတွဲဖက်အကျိုးတော်ဆောင်ဟောင်း)သည် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၁၁-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိရှာပနပူဇာကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ အဂ္ဂိရှာပနကျင်းပရေးကော်မတီ မဟာပုဗ္ဗာရုံ ကံဦးကျောင်းတိုက်၊ တောင်ကြီးမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းအောင်

(ဦးသန်းအောင်နှင့်သားများ ဖိတ်စာဖြန့်ချိရေး)

အသက်(၈၃)နှစ်

ကျိုက်လတ်မြို့နေ (ဦးမြ-ဒေါ်စိန်ရီ)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း(၁၃)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ် ၄၄-အေနေ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ (ဦးဝင်းနိုင်)-ဒေါ်ညိုညိုဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်နီနီဝင်း-ဦးကြည်ခိုင်၊ ဦးဝင်းဒင်(ခ)ညီပု-ဒေါ်မြနီလာကျော်တို့၏ဖခင်၊ ကိုအောင်မြတ်သာ၊ ကိုရွှေလင်းအောင်၊ မသီရိရွှန်-ကိုမင်းနိုင်စိုး၊ မရွှေရည်မိုးသာ၊ မောင်ဝေယံမိုး၊ မောင်ဝေယံဖြိုး၊ မမေဦးသာ၊ မောင်သီဟကျော်ဒင်တို့၏ဘိုးဘိုးကြီး၊ မနှရီသာ၏အဘိုးသည် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးနောင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၅၈/ခ၊သုမေ္မာလမ်း၊ သုမင်္ဂလာအိမ်ရာနေ ဦးယုလွင်-ဒေါ်ထွေးတို့၏သား၊ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးပြည့်လင်း(တံခွန်တိုင်စာပေ)၊ ဒေါက်တာအံ့ထွန်းမောင်-ဒေါက်တာထားထားလင်း(လွန်းထားထား-ဆေးတက္ကသိုလ်)၊ မသစ်သစ်လင်းတို့၏ဖခင်၊ မမေမိုးမာန်မောင်၏ အဘိုးသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်

ကုန်သွယ်/ဦးစီး(ငြိမ်း)

အသက်(၈၃)နှစ်

မအူပင်မြို့နေ (ဦးသိန်းမောင်-ဒေါ်သိန်းရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄လမ်း၊ အမှတ် ၆၀ (မြေညီထပ်)နေ ဒေါ်ခင်စိုးမြင့်(ဆိုင်မှူး၊ ငြိမ်း၊ ကုန်သွယ်/ဆေး)၏ ခင်ပွန်း၊ (ကိုသောင်းနိုင်)၊ ကိုမောင်မောင်မိုးကျော်-မစန္ဒာကျော်၊ ကိုသန်းထွဋ်တို့၏ဖခင်သည် ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှရီ

စာရင်းစစ်မှူး(ငြိမ်း)

စာရင်းစစ်ချုပ်ရုံး(ရန်ကုန်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ အမှတ် ၁၀၅၊သိပ္ပံလမ်း၊ ဒုတိယထပ်(ခြေရင်း)နေ(ဦးလူမောင်-ဒေါ်တင့်)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ငွေသိမ်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှစီ၏ညီ၊ (ဗိုလ်ကြီးဇေယျာဆွေ) - ဒေါ်ဆွေဆွေတင့်၊ ဦးအောင်ငွေး-ဒေါ်မို့မို့ရီတို့၏ဖခင်၊ ဦးကျော်မိုး-ဒေါက်တာနှင်းနုနုဆွေ၊ ဗိုလ်မှူးကောင်းမြတ်အောင်-ဒေါ်ယမင်းသူဇာ၊ မောင်အာကာစိုးမိုးနိုင်တို့၏အဘိုး၊မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၉-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောစောငွေး(အဌား)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၅နေ (ဦးရန်ပိုင်-ဒေါ်လှရင်)တို့၏သမီး၊(ဦးမောင်မောင်လေး)၏ဇနီး၊ ဒေါ်ချိုချိုငွေး၏အစ်မ၊ဦးစည်သူအောင်-ဒေါ်အေးအေးမော်၊ ဦးဝင်းသူအောင်၊ ကိုဇော်ရဲဝင့်အောင် - မသီတာအောင်တို့၏မိခင်၊ မောင်အောင်စည်ဟိန်း၊ မသန့်သီရိသစ်တို့၏အဘွားသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(စမ်းချောင်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၉- ၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီးတင်အောင်မိုး

(စစ်တွေ)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဗဟိုနိုင်ငံရေး၊ တပ်နယ်(ခ)လိုင်း၊ လိုင်းအမှတ် ၃၀၈၃၊ အခန်း(၁)နေ (ဗိုလ်ကြီးတင်မြင့် - ဒေါ်ပြုံးကြည်)တို့၏ သား၊ အရာခံဗိုလ်ကျော်စိုး-ဒေါ်ဝင်းမြင့်တို့၏သားသမက်၊ တပ်ကြပ်ကြီးအောင်ကျော်ဦး(က·က·ဆေး)-ဒေါ်ခိုင်ခိုင်တို့၏ညီ/မောင်၊ မသန္တာ၊ ကိုဖြိုးစည်သူ-မအိငုံပွင့်၊ မအိငုံဖူးတို့၏ဖခင်၊ နော်ရူးရူး၏အဘိုး၊ ဒေါ်စိုးစိုးဝင်း (လဝကမှူး၊ တာဝန်နှင့် လုပ်ငန်းစစ်ဌာနခွဲ၊ နေပြည်တော်)၏ခင်ပွန်းသည် ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ပါတလိပ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက်တွင် (ဦးတင်အောင်မိုး)-ဒေါ်စိုးစိုးဝင်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



# အစိုးရသစ်၏ ပထမရက် (၁၀၀) နှင့်ပတ်သက်၍ ဆဋ္ဌမအကြိမ် သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၃၀**

အစိုးရသစ်၏ ပထမရက် (၁၀၀) ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ဆဋ္ဌမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**စာရင်းနှင့် စာရင်းစစ်ပြပွဲ (၂၀၁၆)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်ချုပ် ဦးမော်သန်းက ရက်(၁၀၀)အတွင်း လုပ်ငန်းစဉ် လေးခုဆောင်ရွက်ခဲ့ပါကြောင်း၊ စာရင်းနှင့် စာရင်းစစ်ပြပွဲ (၂၀၁၆)ကို ရန်ကုန်မြို့၌ ကျင်းပခြင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကုမ္ပဏီများ၊ ငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ အကြီးစားနှင့် အလယ် အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်း စံများတို့ကို လိုက်နာကျင့်သုံးမှုအခြေအနေအား အစီရင်ခံတင်ပြခြင်း၊ အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးမှုနှင့် အစိုးရငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှုအခြေခံမှ စေ့ရောက်မှုအခြေခံသို့ အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်ခြင်းနှင့် ပုံမှန်စစ်ဆေးရေးအစီအစဉ် လုပ်ငန်းရပ်များကို တင်ပြခြင်းတို့ ဖြစ်ပါကြောင်း။ *စာမျက်နှာ ၉ ကော်လံ ၁* ❍

# (၂၁) ရာစုပင်လုံညီလာခံ ပြည်သူအများ သောင်းသောင်းဖြဖြ ချီတက်ထောက်ခံ

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၃၀**

ပြည်သူ့လှုပ်ရှားမှု မြှင့်တင်ရေးကွန်ရက်ကဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် လူထုချီတက် ထောက်ခံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ကျင်းပခဲ့ရာ ချီတက်ထောက်ခံသူများ၊ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလှသော လူထုထောက်ခံပွဲကြီးတစ်ခု ဖြစ်ခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻



# မြန်မာ-ထိုင်း နယ်စပ်ဂိတ်သုံးခုတွင် စက်တင်ဘာ ၁ ရက်မှစ၍ eVisa ဖြင့် ပြည်ဝင်ခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြောင်းလဲတိုးတက်လာသည့် အခြေအနေများနှင့်အညီ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် နိုင်ငံပေါင်း ၁၀၀ မှ ကမ္ဘာလှည့်ခရီးသည်များအတွက် online မှ Visa လျှောက်ထားသည့် eVisa စနစ်ဖြင့် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ဆက်လက်ခွင့်ပြုပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးလုပ်ကိုင်လိုသော နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် online စနစ် eVisa ဖြင့် လုပ်ငန်းဗီဇာ (Business Visa) ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ထပ်မံခွင့်ပြုပေးခဲ့သည်။

ယခုအခါ မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့ရှိ လူဝင်မှုစစ်ဆေးရေးဂိတ်များမှ online စနစ် eVisa ဖြင့် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) နှင့် လုပ်ငန်းဗီဇာ (Business Visa) တို့အား ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက **http://evisa.moip.gov.mm** တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

**ဂျပန်အရှေ့မြောက်ပိုင်းသို့ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်** စ၁-၁၀

**သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ယာဉ်များအား စက်တင်ဘာ ၁ ရက်မှစ၍ အရေးယူဆောင်ရွက်တော့မည်** စ၁-၁၁

